# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ ပြာသိုလဆန်း (၁) ရက် ၊ ကြာသပတေးနေ့ ၊ (22-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၃၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

စာမျက်နှာ - ၁၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါတပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင်မိုးအောင်နှင့်ဇနီး၊ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်
အယ်ဒီတာ့အာဘော်

# ရဲရင့်တက်ကြွ အအေးဓာတ်ပို လပြာသို

ပြာသိုလသည် မြန်မာဆယ့်နှစ်လတွင် ဒသမမြောက်လဖြစ်ပြီး ဆောင်းဥတု၏အလယ်လလည်း ဖြစ်ပေသည်။ ပြာသိုလ၏ ရာသီအမည်မှာ မကရရာသီ၊ စန်းပြည့်နက္ခတ်မှာ ဖုသျှ၊ စန်းယှဉ်တာရာမှာ ပုစ္စန်တာရာ၊ ရာသီရုပ်မှာ မကန်း(မိကျောင်း)၊ ရာသီပန်းမှာ ခွာညိုပန်းဖြစ်ပြီး ရာသီပွဲတော်မှာ မြင်းခင်းပွဲ၊ ဆင်ခင်းပွဲတော်ဖြစ်သည်။

ပြာသိုလ၏အဓိပ္ပာယ်ကို ဆန်းစစ်သော် 'ပ္လါ' သဒ္ဒါသည် ပျားဖယောင်းဟု အနက်ရ၏။ 'သို'၏ အနက်ကား သိုလှောင်ခြင်းဖြစ်သည်။ ထို့ကြောင့် ပြာသိုလသည် ပျားဖယောင်းများစုဆောင်း၍ အများဆုံးရသောလဟု သတ်မှတ်ခဲ့ကြသည်။ ရှေးအခါက မြန်မာများသည် ပြာသိုလတွင် ပျားဖယောင်းကို မီးထွန်းကြရန် တောလုံးအနှံ့ရှာဖွေကြပြီး သိုလှောင်စုဆောင်းခြင်းဖြစ်ပေသည်။

ယခု ပြာသိုလဆန်း ၁ ရက်နေ့သည်လည်း ကရင်တိုင်းရင်းသားတို့ မြတ်နိုးတန်ဖိုးထားကြသည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဖြစ်သည်။ ပြာသိုလဆန်း ၁ ရက်နေ့ ကရင်အမျိုးသားနှစ်သစ်ကူး ရက်မြတ်မင်္ဂလာတွင် ကရင်အမျိုးသားများက အိမ်သစ်များတည်ဆောက်ခြင်း၊ တောင်ယာသစ်များ သတ်မှတ်ကြခြင်း စသည်တို့ကို အလေးထားဂုဏ်ယူစွာဆောင်ရွက်ကြလေ့ရှိကြသည်။

ပြာသိုလတွင် မြင်းခင်းပွဲ၊ ဆင်ခင်းပွဲတော်ကျင်းပရာ မြန်မာဘုရင်များလက်ထက် မြင်းခင်း သဘင်တွင် မင်းညီမင်းသားမှူးမတ်များနှင့်တကွ စစ်သေနာပတိများသည် မိမိတို့၏အဆောင် အယောင်စစ်ဝတ်တန်ဆာတို့ကို ဝတ်စားဆင်ယင်၍ ဓားရေး၊ လှံရေး၊ လေးရေး၊ သေနတ်ရေး၊ မြင်းရေး၊ ဆင်ရေး စသည်တို့ကို လေ့ကျင့်ပြသကြသည်။ စစ်ရေးစစ်ရာလေးပါးဖြစ်သော လှည်းတပ်၊ ကြည်းတပ်၊ မြင်းတပ်၊ ဆင်တပ်တို့သည် စစ်ဝတ်တန်ဆာများ တင့်တယ်စွာဝတ်ဆင်လျက် နန်းရင်ပြင်တွင် အစွမ်းပြကြသည်။

ယနေ့ခေတ်တွင်လည်း ပြာသိုလအပါအဝင် ချမ်းအေးသော ယခုလိုလရာသီများ၌ နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းပကားမြင့်မားရေးအတွက် လေ့ကျင့်သင်ကြားပျိုးထောင်ပေးထားသည့် တပ်မတော်၏ ခေါင်းဆောင်ငယ်များကို ကျောင်းဆင်းမွေးထုတ်ပေးလျက်ရှိခြင်း၊ တပ်မတော် အတွက် အားသစ်လောင်းမည့် လေယာဉ်၊ ရဟတ်ယာဉ်၊ ရေယာဉ်၊ သင်္ဘောများ တပ်တော်ဝင်ကြ ခြင်းတို့နှင့် ပြည့်စုံသည်ဖြစ်ရာ ရဲရင့်တက်ကြွခြင်းနှင့်အတူ ဂုဏ်ယူစရာ ရာသီကာလတစ်ခုလည်း ဖြစ်ပါသည်။

ပြာသိုလ၏ မမေ့မလျော့မှတ်သားဖွယ်တို့တွင် ရှင်တစ်ထောင်အခါတော်နေ့လည်း ပါဝင်ပေ သည်။ ဂေါတမမြတ်စွာဘုရားလက်ထက်တော်က ရသေ့ညီနောင်ရှင်တစ်ထောင်တို့သည် ပြာသို လပြည့်နေ့တွင် မိမိတို့၏အယူဝါဒကို ပယ်စွန့်ပြီး ဗုဒ္ဓသာသနာတော်သို့ ကူးပြောင်းရောက်ရှိသည်ကို အကြောင်းပြု၍ ရှင်တစ်ထောင်အခါတော်နေ့ဟု ခေါ်တွင်ခြင်းဖြစ်သည်။

ထို့ပြင် ပြာသိုလပြည့်နေ့သို့ရောက်လျှင်လည်း အမေနေ့အဖြစ်သတ်မှတ်ပြီး အမေနေ့ပွဲများ ကျင်းပကြသည်ကို တွေ့ရသည်။ အမေနေ့သည် မိခင်များအားလုံးသို့ ဂါရဝဖြင့် နှလုံးသွင်းသတ်မှတ် ထားကြသည်။ မိခင်၏မေတ္တာသည် ပြိုင်ဘက်မရှိအောင် အေးမြလှပေသည်။ သားသမီးအပေါ် ချစ်ခင်သော မိခင်၏မေတ္တာဓာတ်ကြောင့် အနီရောင်သွေးက ဖြူစင်သောနို့ရည်အဖြစ် ပြောင်းလဲ သွားရပေသည်။

သို့ဖြစ်ရာ ပြာသိုလတွင် မြင်းခင်းပွဲ၊ အမေနေ့ပွဲများ ကျင်းပကြသကဲ့သို့ ပျားဖယောင်းများ စုဆောင်း၍ အများဆုံးရသောလလည်းဖြစ်သည်။ ထို့ပြင် ပြာသိုလသည် အအေးဓာတ်လွန်ကဲသော၊ အအေးပိုသောလလည်းဖြစ်သည်။ ထို့ကြောင့် လူတိုင်းလူတိုင်းအနေဖြင့် ချမ်းအေးလှသောရာသီကာလ တွင် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိတို့ဖြင့် နေထိုင်ကြရမည်ဖြစ်ပါကြောင်း အသိပေးရေးသား လိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီး၌ မိုးကြိုချည်မျှင်ရှည်ဝါစိုက်ပျိုးမည့်တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးသွားမည်



ယခင်နှစ်က ချည်မျှင်ရှည်ဝါစိုက်ခင်းကို တွေ့ရစဉ်။

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် ၂၀၂၃ ခုနှစ်တွင် မိုးကြိုချည်မျှင်ရှည်ဝါစိုက်ပျိုးမည့် တောင်သူများကို စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးသွား မည်ဖြစ်ကြောင်း မန္တလေးတိုင်း ဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေ ဂျာ ဦးစိုးကိုကိုဝင်းက ပြောပြ၍ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခွဲက ၂၀၂၃ ခုနှစ် မိုးကြိုချည်မျှင် ရှည်ဝါ စိုက်ပျိုးမည့် တောင်သူ များကို စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနိုင်ရေးအတွက် မိတ် ဖက်ဌာနများနှင့် ပူးပေါင်းပြီး မိုး ကြိုချည်မျှင်ရှည်ဝါစိုက်ပျိုးမည့် တောင်သူများကို ချေးပေးသွားမည် ဖြစ်ကြောင်း၊ တောင်သူများကို ချေး ငွေများ ချေးပေးရာတွင် တစ်ဧက လျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်း ဒေသကြီး မန်နေဂျာ ဦးစိုးကိုကို ဝင်းက ပြောပြသည်။

"မြို့နယ်အလိုက် မိုးကြိုချည် မျှင်ရှည်ဝါစိုက်ပျိုးမဲ့ တောင်သူ တွေကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ကနေ မတ်လထိ ထုတ်ချေးပေးသွား ဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်။ လက်ရှိမှာတော့ စာရင်းကောက်ယူ နေပါတယ်။ တစ်ဧကကို ၁၅၀၀၀၀ နှုန်းနဲ့ပါ။ ဧကပြည့်စိုက်ကွက်တွေ ကို ချေးပေးမှာပါ။ မြို့နယ်ရုံးတွေ ကို အကြောင်းကြားထားပြီးပါပြီ။ မိတ်ဖက်ဌာနတွေနဲ့ ပူးပေါင်းပြီး တော့ မိုးကြိုချည်မျှင်ရှည်ဝါ စိုက် ပျိုးတဲ့ မြို့နယ်တွေကို ချေးပေး သွားမှာပါ။ စိုက်ပျိုးသီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး မျိုးကောင်း မျိုးသန့်တွေရရှိစေဖို့အတွက် တစ် ဖက်တစ်လမ်းကနေ ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေတာပါ" ဟု ဦးစိုးကိုကိုဝင်းက ပြောပြသည်။

အဆိုပါ မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးဧကများအတွက် စိုက်ပျိုး စရိတ်ချေးငွေများကို တိုင်းဒေသ ကြီးအတွင်း မြို့နယ်များရှိ တောင် သူများကို ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း၊ ဝါသီးနှံကို မိုးကြို၊ မိုး၊ မိုးနှောင်းဟူ၍ စိုက်ပျိုးထုတ်လုပ် ကြကြောင်း၊ ဝါသီးနှံသည် အခြား သီးနှံများနှင့်နှိုင်းယှဉ်လျှင် ရာသီ ဥတုဒဏ်ကို ခံနိုင်ရည်ရှိသည့် သီးနှံဖြစ်သောကြောင့် ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ပေါ်တွင် လိုက် လျောညီထွေဖြစ်စေရန် ဝါကို အဓိကထား စိုက်ပျိုးသင့်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ကုလားပဲ(V2)အရောင်းအဝယ်ကောင်းလာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ဈေးကောင်းရရှိ

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေးဈေးကွက်အတွင်း ကုလားပဲ(V2)အရောင်းအဝယ် ကောင်းလာ၍ သုံးတင်းဝင်တစ်အိတ် လျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ဈေး ကောင်းရရှိနေကြောင်း ပွဲစားကုန် သည်စက်ပိုင်များ မဟာကထိန် တော်အသင်း (မန္တလေးကုန်စည် ဒိုင်) အတွင်းရေးမှူး ဦးစက်မောင် ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ကုလားပဲ (V2) များကို ပြည်ပနိုင်ငံများအပြင် ပြည်တွင်းကပါ ဝယ်ယူမှုများပြား လျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေး ဈေးကွက်အတွင်း ကုလားပဲ (V2) များအရောင်းအဝယ် ကောင်းမွန် လာပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုလက်ရှိမှာတော့ ကုလားပဲ (V2)အရောင်းအဝယ် ပြန်ပြီး ကောင်းမွန်လာပါတယ်။ ကုန်သည် တွေဝယ်ယူမှုများလာပြီး အရောင်း အဝယ်ကောင်းလာတာကြောင့်ဈေး ကောင်းပြန်ရနေပါတယ်။ အခု လတ်တလောကတော့ မန္တလေးဈေး ကွက်ထဲမှာ ကုန်သည်တွေအနေနဲ့ ကုလားပဲ(V2)တွေကို ဝယ်ယူပြီး သိုလှောင်တာတွေရှိတယ်။ ပြီးတော့ မန္တလေးဈေးကွက်ထဲမှာ အရောင်း အဝယ်ပြန်ပြီးကောင်းမွန်လာတာ ကြောင့် ဈေးကွက်ထဲကုန်စည်လက် ကျန်ရှားပါးလာပြီးတော့ ဈေးတွေ ကောင်းလာပါတယ်"ဟု ဦးစက် မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဒီဇင်ဘာလ ပထမပတ်က ကုလား ပဲ(V2)ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ဒီဇင်ဘာ ၂၀ ရက်တွင် ကုလားပဲ (V2) ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၀ ထိပေါက်ဈေးရှိပြီး ဈေးကောင်း ရရှိလာကြောင်း သိရသည်။

(၁၈၄)

# မန္တလေးဆိပ်ကမ်းမှ ကသာ၊ ထီးချိုင့်မြို့တို့သို့ ဆန်နှင့် ကြက်သွန်နီတင်ပို့သောရုပ်ပြေးအမြန်ရေယာဉ်အစီးရေ တိုးလာ

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေးဆိပ်ကမ်းမှ ကသာ၊ ထီးချိုင့်မြို့တို့သို့ ဆန်နှင့်ကြက်သွန် နီတင်ပို့သော ရုပ်ပြေးအမြန်ရေ ယာဉ် အစီးရေတိုးလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိက ရေယာဉ်များ စည်းကမ်းထိန်းသိမ်း ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင် က ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ဆန်၊ကြက် သွန်၊ ဆီ၊ ဆား၊ ငရုတ်၊ ငါးပိ၊ ငါးခြောက်အပါအဝင် အဝတ် အထည်နှင့် အခြားလူသုံးကုန်၊အလှ ကုန်ပစ္စည်းများကို ရန်ကုန်၊ ရွှေဘို၊ သပိတ်ကျင်း၊ ရွှေကူ၊ ကသာ၊ ထီးချိုင့်၊ ဗန်းမော်၊ မြစ်ကြီးနား စသည့်မြို့ကြီးများသို့ တင်ပို့လျက် ရှိကြောင်း၊ ထိုသို့တင်ပို့ရာတွင် ယခု လတ်တလော ကသာ၊ ထီးချိုင့်မြို့ တို့သို့ ဆန်နှင့်ကြက်သွန်နီတင်ပို့ သော ရုပ်ပြေးအမြန်ရေယာဉ် အစီး ရေတိုးလာကြောင်း သိရသည်။

"မန္တလေး ဆိပ်ကမ်းကနေ အခြားမြို့တွေ တင်ပို့တဲ့အထဲမှာ ကုန်ခြောက်နဲ့အခြားစားသောက် ကုန်တွေ တင်ပို့မှုပြန်များလာတယ်။ ကျန်တဲ့အဝတ်အထည်၊ အလှကုန် နဲ့လူသုံးကုန်ပစ္စည်းတွေက ပုံမှန် အနေအထားမှာရှိပါတယ်။ ကုန် စည်တင်ပို့တဲ့အခါ ကုန်တင်သင်္ဘော ကြီးတွေ သွားလာနေတာတွေတော့ ရှိပါတယ်။ အခုနောက်ပိုင်းတော့ ကုန်တင်သင်္ဘောတွေထက် ရုပ်ပြေး အမြန်ရေယာဉ်တွေ ကုန်စည်တင် ပို့မှုက တော်တော်လေး တိုးလာ ပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ကသာ၊ ထီးချိုင့်မြို့တို့သို့ ဒီဇင်ဘာလ ပထမပတ်က ဆန်နှင့်ကြက်သွန်နီ တင်ပို့သည့်ရုပ်ပြေးအမြန်ရေယာဉ် မှာ တစ်ရက်လျှင် အစီးရေ ၃၀ ကျော်သာရှိခဲ့သော်လည်း ဒီဇင်ဘာ ၂၀ ရက်မှစ၍ ရုပ်ပြေးအမြန်ရေ ယာဉ်အစီးရေ ၁၀၀ ကျော်ထိရှိလာ ကြောင်း ၎င်းက ဆက်လက်ပြော ပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# နမ့်ဆန်မြို့နယ် ပန်စေမိန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နမ့်ဆန် ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ဆန်မြို့နယ် ပန်စေမိန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးသိန်းမောင်ထွေး၊ နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပန်စေမိန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသဦးစီးမှူးက ကွန်ကရစ်ဘီးလမ်းရေရှည်အသုံးပြုနိုင်စေရေး စနစ်တကျထိန်းသိမ်းအသုံးပြုသွားကြရန် ကျေးရွာကော်မတီမှ တာဝန်ရှိသူများကို မှာကြားသည်။

ပန်စေမိန်းကျေးရွာ၌ အရှည် ပေ ၁၆၀၀၊ အကျယ်သုံးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ငါးသန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာ ၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပြင်ဦးလွင်မြို့ အနီးစခန်းနေ ဒေါ်မြင့်မြင့်စော မိသားစုက ဦးအောင်သိန်းအားရည်စူး၍ ဆေးပဒေသာသင်အတွက်ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာဒေါ်ခင်ဦးကြည်က လက်ခံရယူစဉ်။

# ဓနုဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်း ၂၃၂၂ ဧက စိုက်ပျိုးပြီးစီး



**ဓနုဖြူ ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်းသီးနှံ ၂၃၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်း ၂၇၈ ဧကနှင့် အစေ့ထုတ်ပြောင်း ၂၀၄၄ ဧကကို အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆောင်းသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ နည်းပညာနဲ့ အခြားကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးထားတယ်။ ဆောင်းသီးနှံပူးစားပြောင်းနဲ့ အစေ့ထုတ်ပြောင်းတွေ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ အထွက်ကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးခဲ့တယ်။ အရင်နှစ်တွေကထက် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စနစ်တကျဆောင်ရွက်ပေးထားပါတယ်။ တောင်သူအသိပညာပေးလုပ်ငန်းတွေကိုလဲ အဆက်မပြတ်လုပ်ဆောင်နေပါတယ်"ဟု ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ယခုနှစ် ပြောင်းသီးနှံ ၂၃၂၂ ဧကကို ကျေးရွာ ၁၄ ရွာမှ ဒေသခံတောင်သူများက အများဆုံးစိုက်ပျိုးထားကြောင်း၊ အဆိုပါ ပူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်းသီးနှံများ ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ငမြောင်တောင် စသည့်ပိုးမွှားအန္တရာယ်များ မကျရောက်စေရန်၊ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းသောပြောင်းများဖြစ်စေရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# သီပေါမြို့နယ် အီဟော့ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**သီပေါ ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အီဟော့ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်နှင့်တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များနှင့်အတူ အီဟော့ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်း ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

အီဟော့ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် တစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဖြုန်းကျောက်ခင်းခြင်းနှင့် အဆိုပါကုန်ထုတ်လမ်းပေါ်၌ RC Slab Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေကျပ် ၅၅ ဒသမ ၆၁ သန်းဖြင့် ဟိုဏ်ခနေလင်းကုမ္ပဏီက ယခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နိုင်မှုကြောင့် အီဟော့ကျေးရွာရှိ အိမ်ခြေ ၅၇ အိမ်မှ လူ ၂၄၆ ဦးတို့၏ စိုက်ပျိုးမြေဧက ၅၀၀ ကျော်မှထွက်ရှိသော လယ်ယာထုတ်ကုန်၊ ထွက်ကုန်များဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးထွန်းချစ်က ပြောပြ၍ သိရသည်။

**ကိုပြည့်**

# တောင်သာမြို့နယ်တွင် ကျေးလက်နေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ဖွင့်လှစ်သွားမည်

**တောင်သာ ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း အခမဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးက ပြောပြသည်။

အဆိုပါ သင်တန်းသည် ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ လာမည့်ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းများအတွက် ငွေကျပ် ငါးသန်းအကုန်အကျခံ၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ ၎င်းသင်တန်းများမှာ GAHP သင်တန်းနှစ်ကြိမ်၊ သံဂဟေဆက်သင်တန်းတစ်ကြိမ်၊ လျှပ်စစ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းတစ်ကြိမ် စုစုပေါင်း သင်တန်းလေးကြိမ်ကို အခမဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ်မှာလဲ အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်း လေးကြိမ်ဖွင့်လှစ်သင်ကြားပေးပြီးပါပြီ။ သင်တန်းတွေကတော့ GAHP သင်တန်း၊ ဆပ်ပြာဆီထုတ်လုပ်နည်းသင်တန်းနဲ့ စက်ချုပ်သင်တန်းတို့အတွက် ငွေကျပ် ၄ ဒသမ ၇ သန်းအကုန်အကျခံ သင်ကြားပေးခဲ့ပါတယ်။ လာမဲ့ဘဏ္ဍာနှစ်မှာလဲ ကျေးလက်နေပြည်သူတွေအတွက် အခြေခံကျတဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တွေကို သင်ကြားပေးသွားမှာပါ"ဟု တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးက ပြောပြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးရာတွင် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ကျေးလက်နေပြည်သူများ ကျွမ်းကျင်တတ်မြောက်သည်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၁၈၅)



# မြန်ပြည်တစ်ခွင် အားသစ်ဆင်မည့် သမားဇာနည် အောင်စစ်သည်

တပ်မတော်သားများနှင့် မိသားစုဝင်များကိုသာမက တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် မိမိတို့တတ်ကျွမ်းသော ဆေးပညာရပ်များဖြင့် အလုပ်အကျွေးပြုကြတော့မည့် "သမားဇာနည် အောင်စစ်သည်"များကို ထပ်မံမွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ **"တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများ မွေးထုတ်ပေးရန်"**ဟူသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်ဆေးတက္ကသိုလ်မှ ဆေးသိပ္ပံပညာရှင် တပ်မတော်သားဆရာဝန်အရာရှိများကို လေ့ကျင့်မွေးထုတ်ပေးခဲ့သည်မှာ ၂၃ ကြိမ်တိုင်ခဲ့ပြီဖြစ်၏။ မကြာမီ ငွေရတုကာလသို့ပင်ရောက်ရှိပေတော့မည်။ ထိုသို့ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ခြင်းသည် တပ်မတော်အတွက်သာမက နိုင်ငံတော်အတွက်ပါ အားအင်သစ်များ ဖြည့်ဆည်းပေးနိုင်ခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း ဗမာ့တပ်မတော်၏အစိတ်အပိုင်းတစ်ခုအဖြစ် ပေါ်ပေါက်လာခဲ့သော ဆေးဝန်ထမ်းတပ်ဖွဲ့၏ သက်တမ်းသည် ယခုနှစ် အောက်တိုဘာ ၁ ရက်တွင် ၇၅ နှစ်ပြည့်မြောက်ခဲ့သည်ကို မှတ်သားသိရှိရ၏။ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှသည် မျက်မှောက်ကာလတိုင် ဆေးဝန်ထမ်းတပ်ဖွဲ့များ၏ တိုင်းပြည်တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်သည့် ဆောင်ရွက်ချက်များကို အားရကျေနပ်ဖွယ်တွေ့ရှိရသည်။ သမိုင်းဝင်စစ်ဆင်ရေးများဖြစ်သည့် အင်းစိန်တိုက်ပွဲ၊ တရုတ်ဖြူကျူးကျော်မှုစသည့်တိုက်ပွဲကြီးများမှသည် တိုက်ပွဲပေါင်း၊ စစ်ဆင်ရေးပေါင်းများစွာတွင် ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် မူလတာဝန် ဆေးကုသခြင်းလုပ်ငန်းများအပြင် အရေးကြုံက လက်နက်စွဲကိုင်တိုက်ပွဲဝင်ခဲ့သည့် ဆောင်ရွက်ချက်များက မှတ်တမ်းတင်စရာများပင်ဖြစ်ခဲ့ပါသည်။

အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်ဖြစ်ရေး တည်ဆောက်နေချိန်တွင် တပ်မတော်သားတို့၏ ကိုယ်ရည်ကိုယ်သွေး တစ်နည်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်ဝနေရန် အရေးကြီးပေသည်။ တပ်မတော်အကြီးအကဲများအနေဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးချိန်မှစ၍ တပ်မတော်ကို ကဏ္ဍစုံမှ တိုးတက်မှုရှိစေရေး ဆောင်ရွက်ခဲ့ကြ၏။ ခေတ်နှင့်အညီ ကမ္ဘာကိုရင်ပေါင်တန်းနိုင်စေရေး စဉ်ဆက်မပြတ် ကြိုးစားခဲ့ရာ အခက်အခဲအကျပ်အတည်းများကြားမှ မြန်မာ့တပ်မတော်သည် နိုင်ငံတကာက အသိအမှတ်ပြုခံရသည့် တပ်မတော်တစ်ရပ်ဖြစ်သည်ထိ ခရီးပေါက်ခဲ့သည်ကိုတွေ့ရှိရသည်။ မျက်မှောက်ကာလ နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမှ ဆုတံဆိပ်များရရှိခဲ့ခြင်းအကျိုးကျေးဇူးကြောင့် မြန်မာ့တပ်မတော်ကို ပိုမိုသတိပြုမိလာခဲ့ကြသည်။ မကြာသေးမီ နှစ်များအတွင်း နိုင်ငံတကာ တပ်မတော်အားကစားပြိုင်ပွဲဝင် မြန်မာ့တပ်မတော်မှ အဖွဲ့အသီးသီးတွင် ဆေးတပ်ဖွဲ့၏ စွမ်းဆောင်ချက်များကိုလည်း လေးစားဂုဏ်ယူဖွယ်တွေ့မြင်ခဲ့ရသည်။

ယနေ့အချိန်တွင် ခေတ်ကာလနှင့်လျော်ညီစွာ ကုသမှုပေးနိုင်ရေးအတွက် တပ်မတော်ဆေးရုံများကို အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်ခဲ့ရာ ကျောက်ကပ်အစားထိုးကုသနိုင်သော ဆေးရုံလေးရုံ၊ အသည်းအစားထိုးကုသနိုင်သော ဆေးရုံ တစ်ရုံ၊ နှလုံးသွေးကြောရောဂါရှာဖွေခြင်းနှင့် သွေးကြောချဲ့ကုသနိုင်သော ဆေးရုံ လေးရုံ၊ နှလုံးခွဲစိတ်ကုသနိုင်သော ဆေးရုံ နှစ်ရုံနှင့် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသနိုင်သော ဆေးရုံ သုံးရုံရှိခဲ့ပြီဖြစ်သည်။ မကြာသေးမီကာလအတွင်း ဆေးဝန်ထမ်းတပ်ဖွဲ့၏ ပထမဆုံးအကြိမ် အသည်းအစားထိုးကုသမှု ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရှိရသဖြင့် လွန်စွာဝမ်းမြောက်ဂုဏ်ယူစရာ သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ထိုသို့ဆောင်ရွက်နိုင်ခဲ့မှုများသည် **"ပြည့်အင်အားသည် ပြည်တွင်းမှာရှိကြောင်း"** ဖော်ညွှန်းနိုင်ခဲ့ခြင်းလည်းဖြစ်ပေသည်။ သင်တန်းကာလပြီးမြောက်၍ လက်တွေ့လုပ်ငန်းခွင်များဆီ ဝင်ရောက်ကြတော့မည့် ကျောင်းဆင်းအရာရှိများအနေဖြင့် ကျောင်းတော်ကြီးမှ သင်ယူခဲ့သည့်စာတွေ့၊ လက်တွေ့ပညာရပ်များကို လုပ်ငန်းခွင်အတွေ့အကြုံများနှင့် ပေါင်းစပ်ကာ **"စေတနာ၊ အကြင်နာ၊ ဆေးကင်းကွာ"** ဟူသည့် ဆောင်ပုဒ်ကိုရင်ဝယ်ထားလျက် ကျရာတာဝန်များကို ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ကျရာတာဝန်များထမ်းဆောင်သည်ဟု ဆိုရာတွင် အပြောလွယ်သလောက် လက်တွေ့လုပ်ငန်းခွင်အခက်အခဲများက ကြုံဖူးသူများမှသာ သိကြပါသည်။ လက်တွေ့မြေပြင်တွင် တာဝန်ထမ်းဆောင်ရသည့်အခါ၌ တက္ကသိုလ်တွင် ပညာသင်ခြင်းနှင့်မတူသော ဖိအားများ မလွဲမသွေကြုံကြရ၏။ တပ်မတော်သားဆရာဝန်များ၏ စွန့်လွှတ်အနစ်နာခံမှု၊ ပေးဆပ်မှု၊ စစ်သားကောင်းနှင့် နိုင်ငံသားကောင်းပီသမှုများကို "အနောက်မြောက်ယွန်းယွန်းမှသည် တိမ်ယံဆီသို့" တပ်မတော်နေ့ဂုဏ်ပြုရုပ်ရှင်ဇာတ်ကား ကြည့်လိုက်ရပြီးမှ ပိုမိုသိရှိနားလည်လာခဲ့သည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ထိုစဉ်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂဒေသခရီးစဉ်များအတွင်း နယ်မြေခံပြည်သူများ၏ တင်ပြချက်အရ ဆရာဝန်လိုအပ်ချက်ရှိကြောင်းသိရှိခဲ့ရာ အတူလိုက်ပါသွားခဲ့သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ချက်ချင်းပင် ထိုအခက်အခဲပြေလည်အောင် စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။ တိုင်းရင်းသားပြည်သူလူထု၏လိုအပ်ချက်အပေါ် တပ်မတော်အကြီးအကဲ၏လမ်းညွှန်ချက်များမှ တစ်ဆင့် လမ်းပန်းဆက်သွယ်မှု ရာသီဥတုအပြင် အခြားသောဘက်ပေါင်းစုံစိန်ခေါ်မှုများ ဆီးကြိုနေသည့်နေရာအသီးသီးသို့ စေတနာရှင်တပ်မတော်သားဆရာဝန်များ ရောက်ရှိသွားခဲ့ကြသည်။ ဆရာဝန်တစ်ယောက်၏ တန်ဖိုးကို ကျန်းမာရေးလိုအပ်ချက် အမှန်တကယ်ရှိသောဒေသမှ လူများက ပိုမိုနားလည်တတ်ကြသည်။ စားသောက်နေထိုင်ရေးအပြင် အခြားသောအုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များ အဆင်မပြေသည့် အဆိုပါဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်ရန် ဆန္ဒပြုခဲ့ကြသော တပ်မတော်သား ဆရာဝန်များ၏ စိတ်ဓာတ်များကို များစွာဂုဏ်ယူလေးစားမိပါသည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအနေဖြင့် ကျန်းမာကြံ့ခိုင်မှုရှိရန် အရေးကြီးလှပေ၏။ ကျန်းမာအောင်နေပြီး သန်စွမ်းအောင်လေ့ကျင့်နေမှသာလျှင် တိုက်ပွဲဝင်အသင့်ရှိနေမည်ဖြစ်၏။ ထိုသို့ တိုက်ပွဲဝင်အသင့်ရှိနေစေရန် လေ့ကျင့်ရေးသည် ကဏ္ဍတစ်ရပ်အနေဖြင့် အရေးပါသကဲ့သို့ လေ့ကျင့်မှုအတွက် လုံလောက်သည့် ကိုယ်ကာယကြံ့ခိုင်မှုရှိရန် ကျန်းမာရေးကလည်း အရေးပါလျက်ရှိနေပြန်သည်။ တပ်မတော်သားတို့၏ ကျန်းမာရေးအသိ ကျန်းမာရေးအမြင်များ ကျယ်ကျယ်ပြန့်ပြန့်ရှိစေရန် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ဆရာဝန်၊ သူနာပြုများက အစဉ်ညွှန်ပြမှုများပေးနေရမည်ဖြစ်သကဲ့သို့ ညွှန်ပြသည့်အတိုင်း မိမိတို့တစ်ဦးချင်းကလည်း ကျင့်ကြံနေထိုင်ကြရန်လိုအပ်ပါသည်။

ဆေးဝန်ထမ်းတပ်ဖွဲ့မှ တပ်မတော်သားများသည် အစဉ်အလာကောင်းခဲ့သော ဆေးဝန်ထမ်းတပ်ဖွဲ့၏ သမိုင်းကြောင်းကို လက်ဆင့်ကမ်းထိန်းသိမ်းခဲ့သူများ ပီပီ ကမ္ဘာတစ်ဝန်းလုံးကို စိတ်သောကရောက်စေခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါ အဆိုးဆုံးသောကာလအခြေအနေများတွင်လည်း မိမိတို့အသက်ကို ပဓာနမထားဘဲ ရှေ့တန်းကျကျ ကာကွယ်ကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။ ယနေ့ကာလတိုင်အောင်လည်း ကာကွယ်ကုသမှုများ ပေးနေကြဆဲဖြစ်၏။

ထို့ပြင် မမျှော်လင့်ဘဲ ကျရောက်လာသော နိုင်ငံရေးအလှည့်အပြောင်း ကာလတစ်ခုတွင်လည်း ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ဘဲ တိုင်းပြည်နှင့် ပြည်သူအကျိုးကိုသာ ဦးထိပ်ပန်ဆင်ကာ အခက်အခဲမျိုးစုံကြား **"လူ့အသက်ထက် အရေးကြီးတာဘာမှမရှိ"**ဟူသော တပ်မတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း ကျန်းမာရေးစောင့်ရှောက်မှုများ ပေးခဲ့ကြသည်မှာ မွန်မြတ်သောလုပ်ဆောင်ချက်များပင်ဖြစ်သည်။

အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့်ဘက်စုံနည်းပညာနယ်ပယ်တွင် ဆေးသိပ္ပံပညာရပ်များကလည်း ထူးခြားဆန်းကြယ်စွာ ပြောင်းလဲဖြစ်ပေါ်နေသည်။ လူသားတို့၏ဖန်တီးမှုများအပြင် တိရစ္ဆာန်များ၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများမှ ရောဂါဆန်းများက ကမ္ဘာမြေဆီ နှစ်စဉ်ဝင်ရောက်လျက်ရှိ၏။ အကျိုးဆက်အားဖြင့် လူသားများဆီသို့ ရောဂါများက အတားအဆီးမဲ့စွာ ဝင်ရောက်ခဲ့ကြသည်။ ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ဆေးသိပ္ပံနယ်ပယ်တွင် နောက်ကျကျန်ရစ်ခဲ့ခြင်းမရှိစေရန်အလို့ငှာ တပ်ဖွဲ့တွင်းသာမက နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်၍ အတွေ့အကြုံများ နှီးနှောဖလှယ်ခြင်း၊ ချစ်ခင်ရင်းနှီးမှုများရရှိစေရန် ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပေသည်။

မျိုးဆက်သစ် သမားဇာနည် အောင်စစ်သည်များအနေဖြင့် မိမိတို့ဆီရောက်ရှိလာမည့် တာဝန်များကို ထမ်းဆောင်ရာတွင် စစ်သားကောင်းပီသစွာနှင့် နိုင်ငံ့သားကောင်းပီသစွာ ကြိုးစားခြင်းဖြင့် ဆေးဝန်ထမ်းတပ်ဖွဲ့၏အစဉ်အလာကောင်းကို ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။ ထိုသို့ တာဝန်ထမ်းဆောင်ရာတွင် ဆေးဝန်ထမ်းများ သစ္စာပြုရသည့် သစ္စာအဓိဋ္ဌာန်ကိုးချက်ကို နှလုံးအိမ်တွင်ကိန်းအောင်းစေပြီး ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသော ဆေးသိပ္ပံပညာရပ်များအပြင် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကိုပါ အဆင့်မြှင့်တင်နိုင်ရေး တီထွင်ကြံဆ သုတေသနပြုသွားကြရန်လိုအပ်သည်။ တပ်မတော်သားများပီပီ အမြင့် လေးမြင့်ကို ကျယ်ကျယ်ပြန့်ပြန့် မျှော်တွေးနိုင်ရေးအတွက်လည်း ကြိုးစားသွားကြရမည်ဖြစ်၏။

ရွက်ဟောင်းကြွေလျှင် ရွက်သစ်ဝေသည်မှာ လောကဓမ္မတာဖြစ်ပြီး ထိုဝေဆာပွင့်လန်းနေသော ရွက်သစ်များသည် လောကကို အလှဆင်သည့် ပန်းချီကားများပင်ဖြစ်သည်။ မိမိတို့သင်ကြားတတ်မြောက်ခဲ့ပြီးသော ဆေးပညာရပ်များဖြင့် တိုင်းပြည်ကိုအလုပ်အကျွေးပြုရန် လုပ်ငန်းခွင်များဆီ ချီတက်ကြတော့မည့် သမားဇာနည် အောင်စစ်သည်မျိုးဆက်သစ်များသည် နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်မည့် ရွက်နုရွက်သစ်လေးများနှင့် ပမာတူလှပါသည်။ မြင်သူတိုင်းစိတ်ကြည်နူးအေးချမ်းမှုများ ပေးစွမ်းနိုင်သော စိမ်းစိုနုပျိုသည့် ရွက်သစ်လေးများ၏အလှတရားခွန်အားဖြင့် တိုင်းပြည်ကို တန်ဆာဆင်နိုင်လိမ့်မည်မှာ မလွဲဧကန်ပင်ဖြစ်ပါကြောင်း ဂုဏ်ပြုလိုက်ရပါသည်။

**❖ မျိုးဆက်သစ် သမားဇာနည် အောင်စစ်သည်များအနေဖြင့် မိမိတို့ဆီရောက်ရှိလာမည့် တာဝန်များကို ထမ်းဆောင်ရာတွင် စစ်သားကောင်းပီသစွာနှင့် နိုင်ငံ့သားကောင်းပီသစွာ ကြိုးစားခြင်းဖြင့် ဆေးဝန်ထမ်းတပ်ဖွဲ့၏ အစဉ်အလာကောင်းကို ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။ ထိုသို့ တာဝန်ထမ်းဆောင်ရာတွင် ဆေးဝန်ထမ်းများ သစ္စာပြုရသည့် သစ္စာအဓိဋ္ဌာန်ကိုးချက်ကို နှလုံးအိမ်တွင်ကိန်းအောင်းစေပြီး ခေတ်နှင့်အညီပြောင်းလဲတိုးတက်နေသော ဆေးသိပ္ပံပညာရပ်များအပြင် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကိုပါ အဆင့်မြှင့်တင်နိုင်ရေး တီထွင်ကြံဆသုတေသနပြုသွားကြရန် လိုအပ်သည်။ ❖**

**နွေကုံကော်(မြို့လှ)**

# စေတုတ္တရာမြို့နယ် ခိုဝင်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**စေတုတ္တရာ ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ခိုဝင်ကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်နေမှုကို ဒီဇင်ဘာ ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်း၊ မြို့နယ်စီမံကိန်းတာဝန်ခံ ဦးတင့်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ခိုဝင်ကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်နေမှုကို စစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများကို လုပ်ငန်းများ သတ်မှတ်ရက်အတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီရေးဆောင်ရွက်ကြရန် ပြောကြားကာ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

စေတုတ္တရာမြို့နယ် ခိုဝင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၂ သိန်း အသုံးပြုပြီး အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၁ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာပြည်သူလူထုကိုယ်တိုင်ဆောင်ရွက်ရာ ယခုအခါ ၈၇ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညီ**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနိုးဆော်လိုက်ရပါတယ်။

# ကောလင်းခရိုင်တွင် လာမည့် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၆၃၀၀ လျာထားစိုက်ပျိုးမည်

**ကောလင်း ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် လာမည့်နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၆၃၀၀ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လာမည့် နွေသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် နွေစပါးကို ကောလင်းမြို့နယ်တွင် ၄၇၄၂ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၁၀၈ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ဧက ၄၅၀ စုစုပေါင်း နွေစပါးဧက ၆၃၀၀ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

“ဒီနှစ် ကောလင်းခရိုင်မှာ မိုးစပါးဧက တစ်သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လာမဲ့ နွေစပါးစိုက်ပျိုးချိန်မှာလဲ နွေစပါးဧက ၆၃၀၀ စိုက်ပျိုးသွားဖို့အတွက် လျာထားပါတယ်။ ကောလင်းခရိုင်မှာ စပါးစိုက်ပျိုးမှုကတော့ မိုးမှာ စိုက်တာများတာပါ။ နွေစပါးက စိုက်တာနည်းတယ်။ နွေစပါးစိုက်ပျိုးမှုနဲ့ပတ်သက်ပြီးတော့ တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းဖို့အတွက် ဆောင်ရွက်နေပါတယ်”ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်အတွင်း မိုးစပါးကို ကောလင်းမြို့နယ်တွင် ၉၉၅၈၂ ဧက၊ ဝန်းသိုမြို့နယ်တွင် ၃၈၉၈၉ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၆၁၂၅၂ ဧက စုစုပေါင်း ၁၉၉၈၂၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် နွေစပါးစိုက်ပျိုး တောင်သူများအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)



ယခုနှစ် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

# စလင်းမြို့၌ ငွေစာရင်းထိန်းသိမ်းနည်း(မွမ်းမံ)သင်တန်းပို့ချ

**စလင်း ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များအား ငွေစာရင်းထိန်းသိမ်းနည်း (မွမ်းမံ) သင်တန်းကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်က တက်ရောက်လာသော သင်တန်းသားများကို ငွေစာရင်းထိန်းသိမ်းနည်း(မွမ်းမံ)သင်တန်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်၊ သင်ကြားပို့ချနေစဉ် လိုက်နာရမည့်အချက်များနှင့် မိမိတို့ကြုံတွေ့ရသည့် အခက်အခဲပြဿနာများကို သင်တန်းတွင် အပြန်အလှန်ဆွေးနွေးတင်ပြနိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက သင်တန်း၌ သင်ကြားပေးသည်များကို သေချာမှတ်သား၍ မိမိတို့ကျေးရွာ စာရင်းဇယားများကို သေချာဖြည့်ပေးစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဆွေဇင်လှိုင်က သင်တန်းသားများအား မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကောင်အထည်ဖော်ဆောင်ရွက်ပုံ အဆင့်ဆင့်၊ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီးနောက် ငွေစာရင်းပုံစံ ၁၀ မျိုး ရေးသွင်းနည်းများ၊ ချေးငွေလျှောက်လွှာ၊ စာချုပ် စသည်တို့ ဖြည့်သွင်းဂရုပြုရမည့်အချက်များနှင့် ရေးသွင်းပုံများကို စာတွေ့၊ လက်တွေ့ အသေးစိတ်သင်ကြားပေးခဲ့သည်။

အဆိုပါသင်တန်းသို့ စလင်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာမှ သင်တန်းသား ၄၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်ရက်ဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သန်းသန်းမိုး**

## ထူးကဲသည့် လပြာသို

\- ထူးကဲသည့် လပြာသို၊
ရှေးအခါ မြတ်ဗုဒ္ဓ
ဆုံးမမိန့်ဆို၊
ရှင်ရသေ့ တစ်ထောင်ကို
ကျွတ်စေလို တရားပြ၊
အမွှေးနံ့သာ ဆီမီးပန်း
လှူဒါန်းသည့်လ။

\- ထူးကဲသည့် လပြာသို၊
မြင်းခင်းသဘင်အပြိုင်နွှဲ
ပွဲတော်လဆို၊
စစ်ရေးကျွမ်း ရဲမက်ဗိုလ်
ထက်မြက်လို မြင်းသည်တပ်၊
ရှေးဘုရင် လက်ကိုင်ပြု
ဆုများပေးအပ်။

\- ထူးကဲသည့် လပြာသို၊
ဆောင်းဟေမာန်ရာသီထူး
နှင်းလူးကာစို၊
ရနံ့သင်း ပန်းခွာညို
ဆွတ်ယူလို ပင်နန်း၊
တောမြိုင်လယ် အသွင်တင့်
ပင်မြင့်တွင်လန်း။ ။

**မောင်မောင်လှရွှေ(ကန့်ဘလူ)**

# သရက်ချောင်းမြို့နယ် မင်းဒပ်ကျေးရွာ၌ ဆီထွက်သီးနှံစိုက်ပျိုးနေမှု ကွင်းဆင်းစစ်ဆေး

**သရက်ချောင်း ဒီဇင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မင်းဒပ်ကျေးရွာ၌ နေကြာအပါအဝင် ဆီထွက်သီးနှံ စိုက်ပျိုးနေမှုများကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်နှင့် တာဝန်ရှိသူများက မင်းဒပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ဖြင့် ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ပျိုးထားရှိမှုနှင့် ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က ဆီထွက်သီးနှံများ အထွက်နှုန်းကောင်းမွန်စေရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မင်းဒပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်စေရန် ပထမနှစ် စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကျပ် ၂၉၇ သိန်း ထုတ်ချေးပေးထားကြောင်း သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က ပြောပြ၍ သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

## နိုင်ငံတကာ သတင်းများ

# ယူကရိန်းနိုင်ငံ၌ ၁၀ လကြာပိတ်မိနေသည့် စစ်ဘက်လေယာဉ်နှစ်စင်း တူရကီသို့ပြန်လည်ရောက်ရှိ

**အင်ကာရာ ဒီဇင်ဘာ ၂၁**

ယူကရိန်းစစ်ရေးပဋိပက္ခစတင်ချိန်မှစ၍ ယူကရိန်းနိုင်ငံ၌ ၁၀လကြာပိတ်မိနေသော တူရကီစစ်ဘက်သယ်ယူပို့ဆောင်ရေး လေယာဉ်နှစ်စင်းသည် ဒီဇင်ဘာ ၂၀ ရက်တွင် တူရကီနိုင်ငံသို့ ဘေးကင်းလုံခြုံစွာ ပြန်လည်ရောက်ရှိလာကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တူရကီလေတပ်မှ အဲဘတ်စ်အေ- ၄၀၀ အက်ဖ် အမျိုးအစား အဆိုပါစစ်သုံးသယ်ယူပို့ဆောင်ရေးလေယာဉ်နှစ်စင်းသည် ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအတွင်းရှိ အထူးစစ်ဆင်ရေးများ စတင်ခဲ့သည့် ယခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် သန်းခေါင်ယံမတိုင်မီမှာပင် ယူကရိန်းနိုင်ငံ ကီယက်ဗ် ဘိုရီစပီးလ်လေဆိပ်သို့ ပျံသန်းခဲ့ကြခြင်းဖြစ်သည်။

၎င်းလေယာဉ် နှစ်စင်းသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရေးအတွက် ကီယက်ဗ်မြို့သို့ ပျံသန်းခဲ့ကြခြင်းဖြစ်သည်။

ရုရှား၏ စစ်ဆင်ရေးများကြောင့် ယူကရိန်းဝေဟင်ပိုင်နက်ပိတ်သွားချိန်တွင် ယင်းလေယာဉ်နှစ်စင်းမှာ ကီယက်ဗ်မြို့မှပြန်မထွက်နိုင်တော့ဘဲ ၁၀ လကြာသောင်တင်နေခဲ့ရခြင်းဖြစ်ကြောင်း တူရကီကာကွယ်ရေး ဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

သို့သော် အဆိုပါလေယာဉ်နှစ်စင်းသည် ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ယူကရိန်းမှ ပြန်လည် ထွက်ခွာနိုင်ခဲ့ကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနက ကြေညာထားသည်။

တူရကီ ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ ၎င်းလေယာဉ်နှစ်စင်းသည် တူရကီနိုင်ငံ ကေဆီရီမြို့လေဆိပ်သို့ ဒီဇင်ဘာ ၂၀ ရက် ညနေပိုင်းမှာပင် ပြန်လည်ဆင်းသက်ခဲ့ကြောင်း သိရသည်။

KKO

# ဘီနင်ဘုရင့်နိုင်ငံတော် အနုပညာလက်ရာများ နိုင်ဂျီးရီးယားသို့ ဂျာမနီပြန်လည်လွှဲပြောင်းပေး

**ဘာလင် ဒီဇင်ဘာ ၂၁**

ဂျာမနီနိုင်ငံသည် ဘီနင်ဘုရင့်နိုင်ငံတော် ကြေးအနုပညာလက်ရာ ၂၀ ကျော်ကို နိုင်ဂျီးရီးယားနိုင်ငံသို့ ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါအာဖရိကရှေးဟောင်းအနုပညာလက်ရာများ နိုင်ဂျီးရီးယားနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့မှုကို ဂျာမနီနိုင်ငံခြားရေးဝန်ကြီး အန်နယ်လ်လီနာအေးယားဘော့စ်က ဒီဇင်ဘာ ၂၀ ရက်တွင် အတည်ပြုကြေညာခဲ့သည်။

ဘီနင် ဘုရင့်နိုင်ငံတော် ရှေးဟောင်းလက်ရာများကို နိုင်ဂျီးရီးယားနိုင်ငံသို့ ပြန်လည်ပေးအပ်ခြင်းဖြင့် ဂျာမနီသည် အာဖရိကရှေးဟောင်းအနုပညာလက်ရာများကို မူလပိုင်ရှင် အာဖရိကသို့ပြန်ပို့ပေးခဲ့သည့် နောက်ဆုံးဥရောပနိုင်ငံဖြစ်လာခဲ့သည်။

ဂျာမနီနိုင်ငံသည် ၎င်း၏ပြတိုက်များ၌ ထိန်းသိမ်းထားသော ဘီနင်ခေတ်ကြေးအနုပညာလက်ရာများကို နိုင်ဂျီးရီးယားသို့ ပြန်ပေးရန် ပြီးခဲ့သည့်နှစ်ကပင် သဘောတူထားသည်။

၁၈၉၇ ခုနှစ်တွင် ဗြိတိသျှစစ်သားများက ဘီနင်ဘုရင့်နိုင်ငံကို ဝင်ရောက်စီးနင်း၍ ရှေးဟောင်းအနုပညာလက်ရာ ရာပေါင်းများစွာကို လုယက်ယူငင်ခဲ့ကြသည်။

နောက်ပိုင်းတွင် အဆိုပါ ဘီနင်ဘုရင့်နိုင်ငံခေတ် အနုပညာလက်ရာများသည် လေလံပွဲများမှတစ်ဆင့် နယူးဇီလန်မှသည် ဂျာမနီနှင့် အမေရိကန်နိုင်ငံထိ ပါဝင်သည့် ကမ္ဘာ့နိုင်ငံအများအပြားရှိ ပြတိုက်များသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

KKO



# ရုရှားသမ္မတဟောင်း မက်ဗီဒက်ဗ် တရုတ်နိုင်ငံသို့ သွားရောက်



**မော်စကို ဒီဇင်ဘာ ၂၁**

ရုရှားသမ္မတဟောင်းမက်ဗီဒက်ဗ်သည် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ကြိုတင်ကြေညာခြင်းမရှိဘဲ ရုတ်တရက် သွားရောက်ခဲ့ပြီး တရုတ်သမ္မတရှီကျင့်ဖျင်နှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံစဉ် သမ္မတဟောင်း မက်ဗီဒက်ဗ်သည် ယူကရိန်းပြဿနာနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ပေကျင်းမြို့၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံခဲ့သည့် ဗီဒီယိုဖိုင်ကို သမ္မတဟောင်း မက်ဗီဒက်ဗ်က ၎င်း၏အင်စတာဂရမ်စာမျက်နှာ၌ ဖော်ပြထားသည်။

တရုတ်သမ္မတနှင့် တွေ့ဆုံစဉ် မိမိအနေဖြင့် ရုရှား-တရုတ်နှစ်နိုင်ငံ မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေး အခြေအနေနှင့် ယူကရိန်းပြဿနာတို့ကိုဆွေးနွေးခဲ့ကြောင်း မက်ဗီဒက်ဗ်က အင်စတာဂရမ်စာမျက်နှာ၌ ရေးသားထားသည်။

သို့သော် တရုတ်နိုင်ငံသို့ မည်သည့်အချိန်သွားရောက်ခဲ့သည် အပါအဝင် အသေးစိတ်အချက်အလက်များကို မက်ဗီဒက်ဗ်က ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

ရုရှားသမ္မတဟောင်းမက်ဗီဒက်ဗ်သည် လက်ရှိအချိန်တွင် ရုရှားအမျိုးသားလုံခြုံရေးကောင်စီဒုတိယဥက္ကဋ္ဌတာဝန် ရယူထားသူဖြစ်ကြောင်း သိရသည်။ KKO

# အမေရိကန်မဟာဗျူဟာဗုံးကြဲလေယာဉ်များ ကိုရီးယားကျွန်းဆွယ်၌ အင်အားပြပျံသန်း

**ဆိုးလ် ဒီဇင်ဘာ ၂၁**





အမေရိကန် စစ်ဘက်၏ နျူကလီးယားလက်နက်သယ်ဆောင်နိုင်ရေး မဟာဗျူဟာဗုံးကြဲလေယာဉ်များနှင့် အက်ဖ်-၂၂ တိုက်လေယာဉ်များသည် မြောက်ကိုရီးယားကို အင်အားပြသည့်အနေဖြင့် ကိုရီးယားကျွန်းဆွယ်ဒေသ၌ ဒီဇင်ဘာ ၂၀ ရက်တွင် ပျံသန်းခဲ့ကြကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန် စစ်ဘက်သည် တောင်ကိုရီးယားနိုင်ငံနှင့် ပြုလုပ်နေသည့် လေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုများအတွက် အဆိုပါ ဘီ-၅၂ မဟာဗျူဟာဗုံးကြဲလေယာဉ်များနှင့် အက်ဖ်-၂၂ တိုက်လေယာဉ်များကို ကိုရီးယားကျွန်းဆွယ်ဒေသသို့ စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်နှင့်တောင်ကိုရီးယားနိုင်ငံတို့သည် ၎င်းတို့၏ နှစ်နိုင်ငံလေတပ်ပူးတွဲ စစ်ရေးလေ့ကျင့်မှုများကို ဂျီဂျူကျွန်းအနောက်တောင်ဘက်၌ ပြုလုပ်နေခြင်းဖြစ်သည်။

ပထမဆုံးသူလျှိုဂြိုဟ်တုလွှတ်တင်ရေးစီမံချက်အတွက် ဒီဇင်ဘာ ၁၈ ရက်တွင် စမ်းသပ်ဂြိုဟ်တုတစ်စင်းလွှတ်တင်ခဲ့ကြောင်းမြောက်ကိုရီးယားနိုင်ငံက ကြေညာခဲ့ပြီးနောက် အမေရိကန်နိုင်ငံနှင့်တောင်ကိုရီးယားတို့က ၎င်းတို့၏ နှစ်နိုင်ငံလေတပ်ပူးတွဲစစ်ရေး လေ့ကျင့်မှုများကို စတင်နေခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် အမေရိကန်နိုင်ငံနှင့်တောင်ကိုရီးယားတို့၏ နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ကျူးကျော်စစ်အတွက် ဇာတ်တိုက်ပြင်ဆင်မှုအဖြစ် မှတ်ယူထားသည်။

ယခုနှစ်အတွင်းမြောက်ကိုရီးယားနိုင်ငံသည် ဒုံးကျည်စမ်းသပ်မှုများ စံချိန်တင်ပြုလုပ်၍ အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို တုံ့ပြန်ခဲ့ကြောင်း သိရသည်။ KKO

# ဘန်နူးစစ်ကြောရေးစခန်းကို ထိန်းချုပ်ထားသော စစ်သွေးကြွများအနက် ၂၅ ဦးကို ပါကစ္စတန်ကြည်းတပ်ရှင်းလင်း

**အစ္စလာမ်မာဘတ် ဒီဇင်ဘာ ၂၁**

ဓားစာခံကယ်တင်မှု စစ်ဆင်ရေးအတွင်း ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုင်ငံအနောက်မြောက်ပိုင်း ဘန်နူးမြို့ရှိ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးဌာန စစ်ကြောရေးစခန်းကို ဒီဇင်ဘာ ၂၀ ရက်တွင် ဝင်ရောက်စီးနင်းခဲ့ပြီး ယင်းစခန်းအားထိန်းချုပ်ထားသည့် စစ်သွေးကြွ ၃၅ ဦးအနက် ၂၅ ဦးကို ရှင်းလင်းသုတ်သင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ စစ်ဆင်ရေးအတွင်း စစ်သွေးကြွများ ဖမ်းဆီးထားသည့် ဓားစာခံများအနက်တစ်ဦးသေဆုံး၍ ပါကစ္စတန်ကြည်းတပ် အထူးတပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးခဲ့ရကြောင်း ပါကစ္စတန်စစ်ဘက်က ယနေ့တွင် သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးစစ်ကြောရေးစခန်းကို ထိန်းချုပ်ခဲ့သော စစ်သွေးကြွများမှာ ယင်းစခန်း၌ စစ်ဆေးမေးမြန်းရန် ထိန်းသိမ်းထားသော တီရစ်ခ်- ပါကစ္စတန်တာလီဘန်အုပ်စုမှ စစ်သွေးကြွများဖြစ်ကြသည်။

၎င်းတာလီဘန်စစ်သွေးကြွများသည် ဒီဇင်ဘာ ၁၈ ရက်တွင် စခန်းလုံခြုံရေးဝန်ထမ်းများကို လူအားဖြင့် ဖမ်းချုပ်၍ ဓားစာခံများအဖြစ် ဖမ်းဆီးကာ စခန်းကို နှစ်ရက်ကြာ ထိန်းချုပ်ခဲ့ကြခြင်းဖြစ်သည်။

ကြည်းတပ် အထူးတပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးအတွင်း စခန်းကိုထိန်းချုပ်ထားသည့် တာလီဘန်စစ်သွေးကြွများအနက် ခုနစ်ဦးက လက်နက်ချခဲ့ကြကြောင်း ပါကစ္စတန်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

ပါကစ္စတန် တာဝန်ရှိသူများသည် အဆိုပါစစ်သွေးကြွများနှင့် ဆွေးနွေး၍ ဓားစာခံများပြန်လည်လွတ်မြောက်ရေးအတွက် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ခြင်းကြောင့် ပါကစ္စတန်ကြည်းတပ် အထူးတပ်ဖွဲ့ဝင်များက စခန်းကို စီးနင်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

KKO

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Raytheon ကုမ္ပဏီက Tomahawk ဒုံးကျည်များအဆင့်မြှင့်တင်ရန် အမေရိကန်ရေတပ်နှင့်စာချုပ်ချုပ်ဆို



အမေရိကန်နိုင်ငံရေတပ်လေကြောင်းစနစ်များကွပ်ကဲမှုဌာနချုပ်သည် Tomahawk ဒုံးကျည်များအဆင့်မြှင့်တင်ရန် သဘောတူညီချက်အတွက် အမေရိကန်ဒေါ်လာ ၁၇၁ သန်းစာချုပ်ကို Raytheon ကုမ္ပဏီနှင့်ချုပ်ဆိုခဲ့သည်။

အဆင့်မြှင့်တင်ထားသော ရာနှုန်းပြည့်ထုတ်လုပ်မှုပြီးစီးထားသည့် (Full-Rate Production) Tomahawk Block V ဒုံးကျည် ၁၁၁ စင်းတွင် အမေရိကန်ကြည်းတပ်သို့ အစင်း ၅၀၊ အမေရိကန်ရေတပ်သို့ ၄၈ စင်းနှင့် အမေရိကန်မရိန်းတပ်ဖွဲ့သို့ ၁၃ စင်းတို့ကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် ပေးပို့သွားနိုင်ရန်ဖြစ်သည်။

ထိုအထဲတွင် အမေရိကန်ကြည်းတပ်နှင့် မရိန်းတပ်သားများသည် ပေးပို့မည်ဒုံးကျည်များထဲမှ ပထမအသုတ်ကို လက်ခံရရှိမည်ဖြစ်သည်။

ထို့ပြင် အမေရိကန်မရိန်းတပ်သားများသည် သင်္ဘောများ၊ ကမ်းခြေများနှင့် ကျွန်းများမှ ဒုံးကျည်များကို ပစ်ခတ်အသုံးပြုလိုကြသည့်အတွက် မြေပြင်အခြေစိုက်လောင်ချာများ တီထွင်ထုတ်လုပ်လျက်ရှိသည်။

တရုတ်နှင့် ရုရှားအမြောက်များ၏ တိုးတက်လာသောဆန်းသစ်မှုများကို တန်ပြန်နိုင်ရန် ၎င်း၏တာလတ်ပစ်လက်နက်စနစ်(MRC)အတွက် ဒုံးကျည်အမျိုးအစားတစ်ခုကို အမေရိကန်စစ်ဘက်က အဆင့်မြှင့်တင်လျက်ရှိသည်။

MRC သည် အမေရိကန်စစ်ဘက်၏ Precision Strike Missile အများဆုံးအကွာအဝေးမိုင် ၃၀၀ နှင့် တာဝေးပစ်ဟိုက်ပါဆောနစ်စနစ် အများဆုံးအကွာအဝေး ၁၇၂၅ မိုင်တို့ကြား စွမ်းရည်ကွာဟမှုကို ပေါင်းကူးရန်ရည်ရွယ်သည်။

Block V ဒုံးကျည်သည် ပျံသန်းနေစဉ်အတွင်း၌ပင် အချက်အလက်များကို Updates လုပ်ဆောင်ပေးနိုင်သည်။ ထို့ပြင် ဒုံးကျည်၏ ပိုမိုကောင်းမွန်သောလမ်းညွှန်မှုနှင့် ဆက်သွယ်ရေးစနစ်များသည် ရန်သူဘက်က တန်ပြန်ထောက်လှမ်းမှုကို ခက်ခဲစေသည်။

အဆိုပါဒုံးကျည်တွင်ပါသော Va တားရှင်းသည် ရွေ့လျားနေသောရေယာဉ်များကို ပစ်မှတ်ထားတိုက်ခိုက်ရန်နှင့် Vb တားရှင်းသည် မြေပြင်ရှိခြေလျင်တပ်ဖွဲ့များကို ပစ်ကူပေးရန်အတွက် ထုတ်လုပ်ထားကြောင်း သိရသည်။

**Raytheon Receives $171 Million Tomahawk Missile Contract Upgrade ကို ဘာသာပြန်ဆိုထားပါသည်။**

## ချက်သမ္မတနိုင်ငံက အစ္စရေးထုတ် Spyder လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များလွှဲပြောင်းပေးအပ်နိုင်ရေးညှိနှိုင်းနေ

ချက်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် အစ္စရေးနိုင်ငံထုတ် Rafael Spyder LR လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များဝယ်ယူရန် ညှိနှိုင်းနေသည်။ ချက်သမ္မတနိုင်ငံသည် Spyder LR လေကြောင်းရန်ကာကွယ်ရေးစနစ်တပ်ခွဲလေး ခွဲစာဝယ်ယူရန် အစ္စရေးကုမ္ပဏီ Rafaelနှင့် ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် စာချုပ်ချုပ်ဆိုခဲ့သည်။

ထိုလေကြောင်းရန်ကာကွယ်ရေးစနစ်အသစ်ဖြင့် ချက်သမ္မတနိုင်ငံသည် ၎င်း၏လေပိုင်နက်ကာကွယ်ရေးကို အားကောင်းစေရန်နှင့် နိုင်ငံ၏ အရေးပါသောအခြေခံအဆောက်အအုံများကို ကာကွယ်လိုခြင်းဖြစ်သည်။ လေကြောင်းရန်ကာကွယ်ရေးစနစ်အသစ်များဝယ်ယူရန် အနှစ် ၂၀ သက်တမ်းအတွက် စီမံကိန်းချမှတ်ရေးဆွဲထားသည်။ Rafael ၏ Spyder လေကြောင်းရန်ကာကွယ်ရေးစနစ်အသစ်သည် တိုက်ခိုက်ရေးလေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ဒုံးကျည်များနှင့် ဒရုန်းများကဲ့သို့သော ခေတ်မီလေ ကြောင်းခြိမ်းခြောက်မှုများကို ပိုမိုထိရောက်စွာ တုံ့ပြန်တိုက်ခိုက်နိုင်မည်ဖြစ်သည်။

ပထမဆုံး Rafael Spyder LR လေကြောင်းရန်ကာကွယ်ရေးဒုံးလက်နက်စနစ်ကို ယခုနှစ်အတွင်းပေးပို့နိုင်ဖွယ်ရှိပြီး ချက်တပ်မတော်တပ်ခွဲလေးခွဲသို့ ပေးပို့သွားမည်လည်းဖြစ်သည်။ ပေးပို့မည့်တပ်ခွဲတစ်ခွဲစာတွင် လောင်ချာယာဉ် လေးစီး၊ ကျည်ထိုး၊ ကျည်သယ်ထရပ်ကားတစ်စီး၊ ပစ်ခတ်မှုထိန်းချုပ်ရေးနှင့် အမိန့်ပေးထိန်းကျောင်းရေးယာဉ်တို့ပါဝင်ဖွဲ့စည်းထားသည်။ Spyder လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် ပါသောအစိတ်အပိုင်းအားလုံးသည် ချက်နိုင်ငံထုတ် 8×8 Tatra815 series 7 ထရပ်ကားကိုယ်ထည်အပေါ် အခြေခံတည်ဆောက်ထားသည်။

Spyder LR လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ချက်နိုင်ငံတပ်မတော်တွင် နှစ်ပေါင်း ၄၀ ကြာအသုံးပြုခဲ့သည့်(NATO အခေါ် SA-6 Gainful)ဆိုဗီယက်ထုတ် 2K12 KUB နေရာတွင် အစားထိုးအသုံးပြုသွားမည်ဖြစ်သည်။

Spyder သည် အစ္စရေးကုမ္ပဏီများဖြစ်သည့် Rafael နှင့် Israel Aircraft Industries(IAI)တို့ ပူးပေါင်းဖန်တီးထုတ်လုပ်ထားသော လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည်။ နောက်ပိုင်းတွင် SPYDER-SR တာတိုပစ်ဟု သတ်မှတ်ထားသောစနစ်၏ပထမဗားရှင်းကို ၂၀၀၅ ခုနှစ်က Le Bourget ရှိ ပြင်သစ်လေကြောင်းပြပွဲ၌ ထုတ်ဖော်ပြသခဲ့သည်။

Spyder လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် အဆင့်မြင့်ဆုံး ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်များ အနီအောက်ရောင်ခြည်ပုံရိပ်ဖော်စနစ်သုံး Python-5 Dual-Waveband ဒုံးကျည်၊ မြင်ကွင်းလွန် I-Derby Active Radar ဒုံးကျည်နှင့် Two Pulses အဆင့်မြင့် ရော့ကတ်မော်တာသုံး တာဝေးပစ် I-Derby ER ဒုံးကျည်များ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။ Spyder LR သည် အကွာအဝေး နှစ်ကီလိုမီတာမှ ကီလိုမီတာ ၈၀၊ အမြင့်ကီလိုမီတာ ၂၀ ရှိသည့် ဝေဟင်မှခြိမ်းခြောက်မှုများကို ကြားဖြတ်တိုက်ခိုက်နိုင်သည်။

**Czech Republic negotiates the delivery of Israeli Spyder air defense missile systems ကို ဘာသာပြန်ဆိုထားပါသည်။**



## ရုရှားပေးပို့သော Iskander ပဲ့ထိန်းဒုံးကျည်များနှင့် S-400 လေကြောင်းရန်ကာကွယ်ရေးစနစ်များတပ်ဖြန့်ထားဟု ဘီလာရုစ်သမ္မတပြော



ဘီလာရုစ်နိုင်ငံသည် ရုရှားနိုင်ငံက ပေးပို့သော Iskander ပဲ့ထိန်းဒုံးကျည်များနှင့် S-400 လေကြောင်းရန်ကာကွယ်ရေးစနစ်များတပ်ဖြန့်ချထားကြောင်း ဘီလာရုစ်သမ္မတ Alexander Lukashenko က ဒီဇင်ဘာ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံက ကတိပြုထားသည့်အတိုင်း လက်နက်သစ်များလွှဲပြောင်းပေးအပ်ခဲ့ခြင်းအတွက် ရုရှားသမ္မတဗလာဒီမာပူတင်ကို Lukashenko က ကျေးဇူးတင်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

"ကျွန်ုပ်တို့က S-400 စနစ်တွေကို ဖြန့်ကြက်နိုင်ခဲ့ပြီး အရေးကြီးဆုံးမှာ လွန်ခဲ့တဲ့ခြောက်လက ကတိပြုထားတဲ့အတိုင်း ကျွန်ုပ်တို့ထံလွှဲပြောင်းပေးခဲ့တဲ့ Iskander စနစ်တွေကိုပါ တပ်ဖြန့်အသုံးပြုနိုင်ခဲ့ပြီဖြစ်ပါတယ်"ဟု Minsk ၌ ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတွေ့ဆုံပွဲတွင် Lukashenko က ရုရှားသမ္မတဗလာဒီမာပူတင်ကို ပြောကြားခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး Sergey Lavrov နှင့် ကာကွယ်ရေးဝန်ကြီး Sergey Shoigu တို့သည် ဒီဇင်ဘာ ၁၉ ရက်တွင် ဘီလာရုစ်နိုင်ငံသို့ရောက်ရှိခဲ့ပြီး စီးပွားရေး၊ စစ်ရေးနှင့် စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများတွင် မိတ်ဖက်များနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။ ၎င်းတို့၏ သတင်းစာရှင်းလင်းပွဲတွင် ရုရှားသမ္မတက S-400 တပ်ခွဲများပါဝင်ဖွဲ့စည်းထားသော ပေါင်းစပ်လေကြောင်းရန်ကာကွယ်ရေးနှင့် သတိပေးစနစ်တစ်ခုကို ထူထောင်ထားပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဘီလာရုစ်နိုင်ငံမှ လေယာဉ်မှူးများသည် အထူးလက်နက်များနှင့် ခဲယမ်းမီးကျောက်များအသုံးပြု၍ မကြာမီ လေ့ကျင့်နိုင်တော့မည်ဖြစ်ကြောင်း Lukashenko က အတည်ပြုပြောကြားခဲ့သည်။

"လေယာဉ်တွေ ပြင်ဆင်ထားတယ်လို့ ပြောရပါမယ်။ ဆိုဗီယက်ခေတ်ကတည်းက ကျွန်တော်တို့မှာ ဒီလိုလေယာဉ်တွေရှိခဲ့ပြီး ရုရှားဖက်ဒရေးရှင်းမှာ စမ်းသပ်ခဲ့ပါတယ်။ ရုရှားနိုင်ငံသားတွေနဲ့အတူတူ အထူး Payloads တွေသယ်ဆောင်နိုင်တဲ့ လေယာဉ်တွေကိုမောင်းနှင်ပျံသန်းနိုင်ဖို့ လေယာဉ်မှူးတွေကို လေ့ကျင့်ပေးနေပါပြီ"ဟု Lukashenko က ပြောကြားခဲ့သည်။

သမ္မတနှစ်ဦးစလုံးက နျူကလီးယားဟူသောစကားလုံးကို အသုံးမပြုသော်လည်း ရုရှားသမ္မတ ဗလာဒီမာပူတင်က လွန်ခဲ့သောဆယ်စုနှစ်များက NATO သည် အဆိုပါအလေ့အကျင့်ကို မိတ်ဆက်ခဲ့ကြောင်း ထောက်ပြခဲ့သည်။

ဘီလာရုစ်သည် ၎င်း၏လွတ်လပ်ရေးကို ရုရှားထံ လွှဲအပ်ထားသည်ဟု အမေရိကန်နိုင်ငံခြားရေးဌာနက စွပ်စွဲခဲ့ကြောင်း၊ ယူကရိန်းအထူးစစ်ဆင်ရေးတွင် ဘီလာရုစ်က ရုရှားကို အကူအညီပေးနေကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ Ned Price က သတင်းထောက်များကို ပြောကြားခဲ့သည်။

**Belarus deploys new weapons ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**




# ရစ်ချာလီဆန်၏ဒဏ်ရာနှင့်ပတ်သက်၍ စပါးအသင်းနည်းပြ ကွန်တီ ပြောကြား

**လန်ဒန် ဒီဇင်ဘာ ၂၁**

စပါးအသင်းတိုက်စစ်မှူး ရစ်ချာလီဆန်သည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးလက်ရွေးစင်အသင်းအတွက် ကစားပေးခဲ့ရာတွင် ပေါင်ကြွက်သား ဒဏ်ရာရရှိခဲ့သောကြောင့် လက်ရှိတွင် စကန်ဖတ်စစ်ဆေးမှုများပြုလုပ်၍ ဒဏ်ရာအခြေအနေကိုစောင့်ကြည့်နေရသည်ဟု နည်းပြကွန်တီက ပြောကြားခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ရစ်ချာလီဆန်သည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းနှင့်အတူ ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့ပြီး ခရိုအေးရှားအသင်းနှင့်တွေ့ဆုံခဲ့ရာ ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်၌ ပွဲချိန် ၈၄ မိနစ်တွင် ပေါင်ကြွက်သားဒဏ်ရာကြောင့် လူစားလဲခဲ့ရပြီး ယခုအခါ ၎င်း၏ဒဏ်ရာကို စကန်ဖတ်စစ်ဆေးမှုများ ပြုလုပ်၍ စောင့်ကြည့်နေရသည်ဟု နည်းပြကွန်တီက ပြောကြားခဲ့သည်။

နည်းပြကွန်တီက "လာမဲ့တနင်္လာနေ့မှာ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပြန်လည်စတင်တော့မှာပါ။ စပါးအသင်းကနေ ကမ္ဘာ့ဖလားမှာ ပါဝင်ကစားခဲ့တဲ့ ဘန်ဒေးဗစ်၊ ဘန်တန်ကာ၊ ရစ်ချာလီဆန်တို့ ဒဏ်ရာနဲ့ ကြုံတွေ့ခဲ့ပါတယ်။ ဘန်ဒေးဗစ်နဲ့ ဘန်တန်ကာတို့ကတော့ အသင်းနဲ့ပူးပေါင်းချိန်မှာ အခြေအနေကောင်းပေမဲ့ ရစ်ချာလီဆန်ကတော့ စကန်ဖတ်စစ်ဆေးမှုတွေပြုလုပ်နေပြီး သူ့အခြေအနေကို စောင့်ကြည့်နေရဆဲဖြစ်ပါတယ်။ ဘန်ဒေးဗစ်ကတော့ တနင်္လာနေ့မှာကစားမဲ့ ဘရန့်ဖို့ဒ်နဲ့ပွဲမှာပါဝင်လာမှာဖြစ်ပြီးဘန်တန်ကာကတော့ ဇန်နဝါရီ ၁ ရက်မှာ ကစားမဲ့ အေဗီလာနဲ့ပွဲမှ ကစားနိုင်မှာပါ။ ရစ်ချာလီဆန်ကတော့ ဆေးစစ်မှုရလဒ်ထွက်မှသာ ပြောနိုင်မှာပါ"ဟု ပြောကြားခဲ့သည်။

စပါးအသင်းသည် တိုက်စစ်မှူး ရစ်ချာလီဆန်ကို ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက အဲဗာတန်အသင်းမှ ပြောင်းရွှေ့ကြေးယူရို ၅၈ သန်းဖြင့်ခေါ်ယူခဲ့ပြီး ၎င်းသည် ဒဏ်ရာပြဿနာကြောင့် ကြံ့ခိုင်မှုမပြည့်ဝသော်လည်း ပါဝင်ခွင့်ရသည့် ပြိုင်ပွဲများတွင်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးနှင့် ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်၍ ပုံစံကောင်းပြသနိုင်ခဲ့သောကြောင့် နည်းပြကွန်တီ အားထားရသည့် အဓိက ကစားသမားတစ်ဦးအဖြစ် ရပ်တည်နေကြောင်း သိရသည်။ ML



## အားကစားသတင်း အတိုအထွာများ

- ဆော်ဒီအာရေဗျကလပ် အယ်နာဆာအသင်းက ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် တိုက်စစ်မှူး စီရော်နယ်ဒိုကို ယခုနှစ်မကုန်မီ တစ်နှစ်လုပ်ခ ယူရို သန်း ၂၀၀ ဖြင့်ခေါ်ယူနိုင်ရန်မျှော်လင့်ထားကြောင်း ထုတ်ပြန်ခဲ့သည်။
- ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မက္ကဆီကိုအသင်းအတွက် လက်စွမ်းပြကစားခဲ့သည့် ဂိုးသမား အိုချိုအာအနေဖြင့် စီးရီးအေကလပ် ဆလာနီတာနာအသင်းသို့ပြောင်းရွှေ့ကစားရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းက ဘရာဇီးကလပ် ဗာစကိုဒဂါးမားအသင်းမှ အသက် ၁၈ နှစ်ရှိ လူငယ်ကစားသမား အန်ဒရီဆန်းတိုစ်ကို ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ ML

# LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲမှ ကစားသမားများကို The Masters ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်







**ဂျော်ဂျီယာ ဒီဇင်ဘာ ၂၁**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အောဂတ်စတာတွင် ကျင်းပသွားမည့် 2023 The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ထားသောကစားသမားများအား ပါဝင်ယှဉ်ပြိုင်ခွင့် ပြုသွားမည်ဖြစ်ကြောင်း The Masters ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌက ထုတ်ဖော်ပြောကြားခဲ့သည်ဟု GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

PGA Tour က LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ထားသည့် ကစားသမားများအား ၂၀၂၃ ခုနှစ်တွင် PGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ပိတ်ပင်ထားသည်။

The Masters ပြိုင်ပွဲသည် အဆိုပါ ကစားသမားများအား အခွင့်အရေးပေးသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည့်အတွက် PGA Tour အတွက် စိတ်ပျက်စရာ ဖြစ်ခဲ့ရသည်။

The Masters ဂေါက်သီးရိုက်ပြိုင်ပွဲသည် ဂေါက်သီးရိုက်ပြိုင်ပွဲများအနက် အဓိကဆုဖလား လေးလုံးတွင်ပါဝင်နေသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး ဂေါက်သီးရိုက်ကစားသမားတိုင်း ပါဝင်ယှဉ်ပြိုင်ခွင့်ရချင်သည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သည်။

PGA Tour မှ LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ကူးပြောင်းခဲ့သည့် ကစားသမား ၁၅ ဦးခန့်ရှိပြီး အဆိုပါ ကစားသမားများမှာလည်း The Masters ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရေးအတွက် အဆိုပါဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးကော်မတီသို့ တရားဝင်တောင်းဆိုခဲ့ခြင်းလည်း ဖြစ်သည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ရိုင်ဒလေက "ဂေါက်သီးရိုက်လောကမှာ မကြာသေးမီကဖြစ်ပေါ်ခဲ့တဲ့ အငြင်းပွားဖွယ်ရာ ကိစ္စရပ်တွေကြောင့် ဝမ်းနည်းစရာတွေ ဖြစ်ခဲ့ရတယ်။ အငြင်းပွားဖွယ်ရာကိစ္စတွေကြောင့် အမျိုးသား ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်အားကစားလောကရဲ့ အကျင့်သိက္ခာနဲ့ အဓိပ္ပာယ်ကို လျော့ပါးစေခဲ့ပါတယ်။ ဒါပေမဲ့လဲ The Masters ဂေါက်သီးရိုက်ပြိုင်ပွဲအနေနဲ့ ဂေါက်သီးရိုက်အားကစားအစဉ်အလာကို အတူတကွလက်တွဲပြီး သယ်ဆောင်လာတဲ့ ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမားတွေကို ဂုဏ်ပြုတဲ့အနေနဲ့ ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသွားပါမယ်။ အားလုံးကိုလဲ ပြိုင်ပွဲဝင်ဖို့အတွက် ဖိတ်ကြားလွှာပေးပို့ထားပြီးဖြစ်ပါတယ်။ The Masters ဂေါက်သီးရိုက်ပြိုင်ပွဲရဲ့ အစဉ်အလာ တိုးတက်လာဖို့အတွက် လိုအပ်တာတွေ ပြင်ဆင်နိုင်ဖို့ စံနှုန်း သတ်မှတ်ချက်တွေကိုလဲ မကြာခင် ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။ AZL

# အာဆင်နယ်အသင်းက တိုက်စစ်မှူး မာတင်နယ်လီကို သက်တမ်းတိုးရန် သဘောတူညီမှုရရှိ

**လန်ဒန် ဒီဇင်ဘာ ၂၁**

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ အသင်းတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး မာတင်နယ်လီကို စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးလျက်ရှိရာ ယခုအခါ သဘောတူညီမှုရရှိခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်ရှိ တိုက်စစ်မှူး မာတင်နယ်လီသည် အာဆင်နယ်အသင်းနှင့် လာမည့် ၂၀၂၄ ခုနှစ် ဇွန်လတွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် အသင်းအနေဖြင့် ပြီးခဲ့သည့်စက်တင်ဘာလကတည်းက စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးခဲ့ရာ လက်ရှိတွင် တစ်ပတ်လုပ်ခ စတာလင်ပေါင် ၂၀၀၀၀၀ ဖြင့် လာမည့် ၂၀၂၇ ခုနှစ်ထိ သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး မာတင်နယ်လီသည် အာဆင်နယ်အသင်းတွင် တစ်ပတ်လုပ်ခ စတာလင်ပေါင် ၄၇၀၀၀ သာ ရရှိသည့်အတွက် လုပ်ခလစာနည်းပါးသည့် ကစားသမားစာရင်းတွင် ပါဝင်နေသော်လည်း ၎င်းသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၁၄ ပွဲတွင် သွင်းဂိုးငါးဂိုးနှင့် ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်၍ ခြေစွမ်းပြသနိုင်ခဲ့သဖြင့် အာဆင်နယ်အသင်းက ဥရောပထိပ်သီးကလပ်များ၏ခေါ်ယူမှုမှကာကွယ်နိုင်ရန် လုပ်ခလစာတိုးမြှင့်၍ စာချုပ်သစ်ကမ်းလှမ်းခဲ့သကဲ့သို့ ကစားသမားကိုယ်တိုင်ကလည်း ၎င်း၏အနာဂတ်ကို အာဆင်နယ်အသင်းတွင်ကုန်ဆုံးရန် ဆုံးဖြတ်ထားသောကြောင့် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် အာဆင်နယ်အသင်းသည် အသင်းနှင့်အတူ ခြေစွမ်းပြကစားနေသည့် ခံစစ်ကစားသမား ဆာလီဘာနှင့် တောင်ပံကစားသမားဆာကာတို့ကိုလည်း မာတင်နယ်လီနှင့်အတူ စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးမှုပြုလုပ်ထားသော်လည်း သဘောတူညီမှုမရရှိသေးသဖြင့် လုပ်ခလစာထပ်မံတိုးမြှင့်၍ စာချုပ်သစ်ကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း သိရသည်။ ML

# World Sport Star of the Year ဆုကို တိုက်စစ်မှူး မက်ဆီ ဆွတ်ခူး

**ဗျူနိုစ်အေရိစ် ဒီဇင်ဘာ ၂၁**

အာဂျင်တီးနားအသင်းတိုက်စစ်ကစားသမား မက်ဆီသည် အသင်းနှင့်အတူ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် BBC Sports Personality ၏ World Sport Star of the Year ဆုကိုပါ ဆွတ်ခူးနိုင်ခဲ့သည်ဟု BBC သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

BBC Sports Personality က World Sport Star of the Year ဆုကို ပြက္ခဒိန်တစ်နှစ်အတွင်း (ဇန်နဝါရီလမှ ဒီဇင်ဘာလထိ) အားကစားလောကတွင် ထူးချွန်ပြောင်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့ကြသည့် ကစားသမားများကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပြီး မက်ဆီသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းအား ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ရာ၌ အဓိကကစားသမားအဖြစ် ကူညီပေးနိုင်ခဲ့သည့်အတွက် World Sport Star of the Year ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းလိုက် အောင်မြင်မှုအပြင် တစ်ဦးချင်းအောင်မြင်မှုများ အဖြစ် စံချိန်မှတ်တမ်းကောင်းများစွာကို ရယူနိုင်ခဲ့ပြီး ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ကစားသမားဆုဖြစ်သည့် ရွှေဘောလုံးဆုကိုပင်ရရှိခဲ့သည့် မက်ဆီသည် ယခုအခါတွင်လည်း နောက်ထပ်ထိပ်တန်းဆုတစ်ခုဖြစ်သည့် World Sport Star of the Year ဆုကိုပါ ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ၂၀၂၁ ခုနှစ်ကလည်း ကိုပါအမေရိကဖလားချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ယခုနှစ်တွင်လည်း ကမ္ဘာ့ဖလားချန်ပီယံဆုကိုပါဆွတ်ခူးနိုင်ခဲ့သည့်အတွက် နှစ်နှစ်ဆက်အဓိကဆုဖလားနှစ်လုံးရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်အတွက် BBC Sports Personality က World Sport Star of the Year ဆုပေးအပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။




မက်ဆီသည် အဆိုပါဆုများအပြင် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်အောင် အဓိကနေရာမှ စွမ်းဆောင်ပေးနိုင်ခဲ့သည့်အတွက် အာဂျင်တီးနားနိုင်ငံ အစိုးရကလည်း ဂုဏ်ပြုဆုတစ်ခု ပေးအပ်ရန် ပြင်ဆင်နေကြောင်း သိရသည်။ STA

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၁**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၊ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ယနေ့တွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံနှင့် လေ့ကျင့်ရေးကွင်းများ၌ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို လေးဂိုး ဂိုးမရှိ၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာန အသင်းကို ငါးဂိုး တစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး အားကစားရုံ(ဘီ)တွင်ကျင်းပခဲ့သည့်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသမီးပြိုင်ပွဲ၌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကိုသုံးပွဲပြတ်၊အမျိုးသားပြိုင်ပွဲ၌ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို သုံးပွဲ နှစ်ပွဲ၊ စွမ်းအင် ဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီး ဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို သုံးပွဲပြတ်၊ ပညာရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အသင်းက လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အလားတူ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲတစ်ပွဲ၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေး ဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲတစ်ပွဲ၊ ပညာရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲတစ်ပွဲ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# ၂၀၂၂ မစ်ဆူဘီရှီအီလက်ထရစ်ဖလားပြိုင်ပွဲတွင် မြန်မာအသင်းက မလေးရှားအသင်းကို ရှုံးနိမ့်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

၂၀၂၂ အာဆီယံမစ်ဆူဘီရှီ အီလက်ထရစ်ဖလားပြိုင်ပွဲ အုပ်စု (B) အဖွင့်ပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပင်နယ်တီ လွဲချော်မှုကြောင့် မြန်မာအသင်းက မလေးရှားအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက မြန်မာအသင်းက ဦးဆောင်ဂိုး ရရှိနိုင်သည့်အခွင့်အရေးများရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ပွဲချိန် ပထမပိုင်းတွင် မြန်မာအသင်းက မလေးရှားအသင်းကို ခြေစွမ်းပိုင်းအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မလေးရှားအသင်းက တိုက်စစ်မြင့် ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၅၂ မိနစ်တွင် ဖိုင်ဆယ်ဟာလင်က မလေးရှားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက်ပိုင်း မြန်မာအသင်းက လူစားလဲမှုများပြုလုပ်ပြီး ချေပဂိုးနှင့်အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးကစားခဲ့ရာ အခွင့်အရေးများထပ်မံရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများအဆုံးသတ်ပိုင်းအားနည်းမှုများနှင့်အတူ ရှုံးကန်ခဲ့ရသည်။

ထို့နောက် ပွဲချိန်ပြီးဆုံးရန်နီးကပ်လာသည်နှင့် မြန်မာအသင်းက လိုအပ်နေသည့် ချေပဂိုးအတွက် တရစပ် တိုက်စစ်ဆင်ဖိအားပေးမှုများပြုလုပ်ခဲ့ရာမှ ပွဲချိန် ၉၃ မိနစ်တွင် မြန်မာအသင်းက ပင်နယ်တီကန်သွင်းခွင့် ရရှိခဲ့သော်လည်း တိုက်စစ်မှူး ဝင်းနိုင်ထွန်း ကန်သွင်းခဲ့ရာ မလေးရှားအသင်းမှ ဂိုးသမားက ကာကွယ်နိုင်ခဲ့သည့်အတွက် မြန်မာအသင်း နစ်နာခဲ့ရပြီး ပွဲပြီးချိန်တွင် မလေးရှားအသင်းက ပထမပိုင်း သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# နယူးကာဆယ်အသင်းက ဂလာဘတ်တိုက်စစ်မှူး သူရမ်ကို ယူရို ၁၂သန်းဖြင့်ခေါ်ယူမည်



**လန်ဒန် ဒီဇင်ဘာ ၂၁**

နယူးကာဆယ် အသင်းသည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းတိုက်စစ်ပိုင်း ဖြည့်တင်းရန်အတွက် ဂလာဘတ်အသင်းနှင့် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး သူရမ်ကို ပြောင်းရွှေ့ကြေး ယူရို ၁၂ သန်းဖြင့် ခေါ်ယူမည်ဟု ပြောကြားခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နယူးကာဆယ် အသင်းသည် တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် နွေရာသီအပြောင်းအရွှေ့ကာလက ဆိုစီဒက်အသင်းမှ အစ်ဆက်ခ်ကို ခေါ်ယူခဲ့သော်လည်း ၎င်းအနေဖြင့် ဒဏ်ရာပြဿနာကြောင့် အနားယူနေရသဖြင့်တိုက်စစ်ပိုင်းအခက်အခဲကိုဖြေရှင်းနိုင်ရန်အတွက် ဂလာဘတ်အသင်းတွင် ပြိုင်ပွဲစုံ သွင်းဂိုး၁၃ ဂိုးထိသွင်းယူထားသည့် တိုက်စစ်မှူး သူရမ်ကို လာမည့်ဇန်နဝါရီအပြောင်းအရွှေ့တွင် ခေါ်ယူနိုင်ရန် ကြိုးပမ်းခဲ့သည်။

ဂလာဘတ် အသင်းသည် တိုက်စစ်မှူး သူရမ်ကို အနည်းဆုံး ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀ သန်းရရှိပါက ရောင်းချမည်ဟု ပြောကြားခဲ့သဖြင့် နယူးကာဆယ်အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀ ဒသမ ၅ သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်ခဲ့ပြီး ရက်ပိုင်းအတွင်း သဘောတူညီမှုရရှိရန် နှစ်ဖက်အသင်းကြား ဆွေးနွေးမှုပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ML

# ၂၀၂၃ ခုနှစ် ဩစတြေးလျတင်းနစ်ပြိုင်ပွဲတွင် Wildcard ဖြင့် ဗီးနပ်စ်ဝီလျံ ယှဉ်ပြိုင်ခွင့်ရရှိ

**ကင်ဘာရာ ဒီဇင်ဘာ ၂၁**

အမျိုးသမီးတင်းနစ်လောက၏ အအောင်မြင်ဆုံးသော တင်းနစ်မယ်များစာရင်းတွင် ပါဝင်နေသည့် ဗီးနပ်စ်ဝီလျံသည် အသက်အရွယ်ပိုင်းအရ အဓိကပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် ခက်ခဲသည့် အခြေအနေဖြင့်ရင်ဆိုင်နေရသော်လည်း ဩစတြေးလျတင်းနစ်အဖွဲ့ချုပ်က ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသွားမည့် ဩစတြေးလျ တင်းနစ်ပြိုင်ပွဲတွင် Wildcard ဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့် ပေးသွားရန် ဆုံးဖြတ်ခဲ့ကြောင်း TOE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲသည် ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲ အမျိုးအစားဖြစ်သလို ပြိုင်ပွဲဝင်များအား ပါဝင်ယှဉ်ပြိုင်ခွင့်ပြုရာတွင်လည်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်ပေါ် မူတည်၍ တိုက်ရိုက်ပါဝင်ယှဉ်ပြိုင်ခွင့်ပြုခြင်း၊ လက်ရည်စစ်ပွဲအဆင့်မှ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုခြင်းများကို စည်းကမ်းကန့်သတ်ထားသည်။

အသက် ၄၂ နှစ်ရှိ ဗီးနပ်စ်ဝီလျံ အနေဖြင့် လက်ရှိကမ္ဘာ့အဆင့်သတ်မှတ်ချက်အရ လက်ရည်စစ်ပွဲအဆင့်မှ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရန် မသေချာသည့် အခြေအနေဖြစ်သော်လည်း တိုက်ရိုက်ပါဝင်ယှဉ်ပြိုင်ခွင့်ရမည့် ဩစတြေးလျ တင်းနစ်အဖွဲ့ချုပ်မှပေးအပ်သည့် Wildcard ကို ရရှိခဲ့ခြင်းကြောင့် ပြိုင်ပွဲတွင် တိုက်ရိုက်ပါဝင်ယှဉ်ပြိုင်ခွင့်ရတော့မည်ဖြစ်သည်။

ဗီးနပ်စ်ဝီလျံက "ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့အတွက် မဲလ်ဘုန်းကို နောက်ထပ်တစ်ကြိမ်သွားရောက်ဖို့ စိတ်လှုပ်ရှားနေပါတယ်။ ကျွန်မအနေနဲ့ကစားသမားဘဝသက်တမ်းတစ်လျှောက် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်လာတာ နှစ်ပေါင်း ၂၀ ကျော်နေပါပြီ။ နောက်ထပ်တစ်ကြိမ် ပါဝင်ယှဉ်ပြိုင်ခွင့်ရဖို့အတွက် Wildcard အခွင့်အရေးပေးခဲ့တဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ အောင်မြင်မှုရဖို့အတွက် ကျွန်မရဲ့ ကစားသမားဘဝအတွက်အမှတ်တရတွေ ကျန်ရစ်ခဲ့စေဖို့ ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့ ဆုံးဖြတ်ထားပါတယ်။ ၂၀၂၃ ခုနှစ်အတွက် ပထမဦးဆုံးပြိုင်ပွဲအဖြစ် Auckland WTA မှာ ပါဝင်ယှဉ်ပြိုင်သွားမယ်။ ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့သဘောနဲ့ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ကမ္ဘာ့ဟဲဗီးဝိတ်တန်းပြိုင်ဘက်ကင်းချန်ပီယံဆုအတွက် တိုင်ဆန်ဖျူရီနှင့် အလက်ဇန္ဒားအူဆက်ခ်တို့ယှဉ်ပြိုင်ထိုးသတ်မည်ဟု ဘော့အာရမ် ပြောကြား

**ဝါရှင်တန် ဒီဇင်ဘာ ၂၁**

လက်ဝှေ့လောက၏ အအောင်မြင်ဆုံး ဝါရင့် Promoter ဖြစ်သူ အမေရိကန်နိုင်ငံသား ဘော့အာရမ်က ကမ္ဘာ့ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဆုအတွက် ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖျူရီနှင့် ယူကရိန်းလက်ဝှေ့သမား အလက်ဇန္ဒားအူဆက်ခ်တို့ ၂၀၂၃ ခုနှစ်အတွင်း ယှဉ်ပြိုင်ထိုးသတ်သွားရန် သဘောတူညီမှု ရရှိထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု First Post သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

IBF၊ IBO၊ WBO၊ WBA ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ အလက်ဇန္ဒားအူဆက်ခ်သည် ပြိုင်ဘက်ကင်းချန်ပီယံဖြစ်ရန်အတွက် WBC ခါးပတ်တစ်ခုသာ လိုတော့သည့် အခြေအနေဖြစ်ပြီး ယင်းခါးပတ်ကို တိုင်ဆန်ဖျူရီက ပိုင်ဆိုင်ထားသည့်အတွက် တိုင်ဆန်ဖျူရီနှင့်ထိုးသတ်သွားရန် အလက်ဇန္ဒားအူဆက်ခ်ကလည်း ဆန္ဒပြင်းပြနေသည်။

တိုင်ဆန်ဖျူရီကလည်း ပြိုင်ဘက်ကင်းချန်ပီယံဆုကိုရယူသွားရန် ဆန္ဒရှိနေပြီး အလက်ဇန္ဒားအူဆက်ခ်နှင့် ၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ သို့မဟုတ် မတ်လတွင် ဆော်ဒီအာရေဗျနိုင်ငံ သို့မဟုတ် ဗြိတိန်တို့တွင် ထိုးသတ်သွားရန် စီစဉ်လျက်ရှိသည်။

Promoter ဖြစ်သူ ဘော့အာရမ်က "ခိုင်လုံတဲ့သတင်းအရင်းအမြစ်အရ တိုင်ဆန်ဖျူရီနဲ့ အလက်ဇန္ဒားအူဆက်ခ်တို့ကြား စိန်ခေါ်ပွဲထိုးသတ်ဖို့ သဘောတူညီချက်ရရှိထားပြီလို့ သိရပါတယ်။ တိုင်ဆန်ဖျူရီနဲ့ အလက်ဇန္ဒားအူဆက်ခ်တို့ကြား ဆက်ဆံရေးက လူကြီးလူကောင်းဆန်ပါတယ်။ တခြားပြိုင်ဘက်တွေနဲ့ဆက်ဆံသလို တစ်ယောက်နဲ့တစ်ယောက် စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ကြဘူး။ ကျွန်တော့်အနေနဲ့ကလဲ အူဆက်ခ်နဲ့ ဆက်ဆံရေးကောင်းတွေရှိပါတယ်။ အူဆက်ခ်ဟာ ဉာဏ်ရည်ထက်မြက်တဲ့ လက်ဝှေ့သမားတစ်ယောက်ဖြစ်သလို တိုင်ဆန်ဖျူရီကလဲ စူပါမန်းတစ်ယောက်ပါ။ နှစ်ယောက်စလုံးက အားကစားသမားစိတ်ဓာတ် အပြည့်အဝရှိသလို ဉာဏ်ရည်ထက်မြက်ကြတဲ့အတွက် သူတို့နှစ်ယောက်ကြား စိန်ခေါ်ပွဲဟာ လက်ဝှေ့လောကရဲ့ အကောင်းဆုံးပွဲဖြစ်လာလိမ့်မယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ရှေးလူကြီးတွေက ဘယ်လိုစကားတွေပြောကြလို့ မှာခဲ့သလဲ

မြင်းခြံကျော်အောင်

ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းမှ ရှေးလူကြီးတွေဟာ မိမိတို့ရဲ့ဘဝအတွေ့အကြုံပေါ် မူတည်ပြီး နောင်လာနောက်သားတွေ မှတ်သားလိုက်နာနိုင်ဖို့၊ ဆင်ခြင်နိုင်ဖို့ စကားပုံတွေ၊ ဆိုရိုးစကားတွေ ထားရှိခဲ့ပါတယ်။ စာပေရယ်လို့မပေါ်ပေါက်ခင်ကတည်းက ရှိခဲ့ပါတယ်။ စာပေတွေပေါ်ပေါက်လာတော့ စာနဲ့ပေနဲ့ဖြစ်ခဲ့ပါတယ်။

မြန်မာစကားပုံတွေကို မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန မြန်မာစာဦးစီးဌာနက ၁၉၉၀ ပြည့်နှစ်မှာ ပုံနှိပ်ထုတ်ဝေပါတယ်။ စကားပုံပေါင်း ၈၂၃ ခုပါရှိပါတယ်။ တစ်ဖန် ၂၀၀၈ ခုနှစ်မှာ မြန်မာဆိုရိုးစကားစာအုပ်ကို ဒုတိယအကြိမ်ရိုက်နှိပ်ဖြန့်ချိပါတယ်။ ဆိုရိုးစကားပေါင်း ၁၀၁၀ ပါရှိပါတယ်။ နိုင်ငံတကာက စကားပုံတွေကိုလဲ ရိုက်နှိပ်ပြီး စာအုပ်ဆိုင်တွေမှာ တင်ရောင်းနေတာရှိပါတယ်။

အဲဒီစကားပုံစာအုပ်တွေထဲမှာ ရှေးလူကြီးတွေက ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စတွေမှာ ဘယ်လိုလုပ်ကြ၊ ဘယ်လိုမလုပ်ကြနဲ့လို့ ဆုံးမခဲ့ပါတယ်။ လူတို့ နေ့စဉ်အသုံးပြုနေတဲ့စကားကိုလဲ ဘယ်လိုပြောကြ၊ ဘယ်လိုမပြောကြနဲ့လို့လဲ လမ်းညွှန်မှာကြားခဲ့ပါတယ်။ အဲဒါတွေကို လေးလေးနက်နက်၊ နှစ်နှစ်သက်သက်လိုက်နာကြမယ်ဆိုရင် ပညာတွေပြည့်ဝကြမယ်၊ ဥစ္စာတွေပေါကြွယ်ဝကြမယ်။ ကျန်းမာအသက်ရှည်ကြမယ်။ လူမှုရေးကိစ္စအဝဝ အဆင်ပြေချောမွေ့ကြမယ်။ ကျန်းမာအသက်ရှည်ကြမယ်။ လူမှုရေးကိစ္စအဝဝ အဆင်ပြေချောမွေ့ကြမယ်။ အဲဒီအကျိုးတရားတွေ စာဖတ်သူတွေ ခံစားရစေချင်တယ်။ အကျိုးတရားတွေ များများရချင်ရင်တော့ စကားပုံနဲ့ဆိုရိုးစကားတွေ လေ့လာပါလို့ ပြောပါရစေ။ အခု ဆောင်းပါးမှာတော့ လူတွေ နေ့တိုင်းပြောနေတဲ့ စကားတွေကို ဘယ်လိုပြောကြလို့ ရှေးလူကြီးတွေ မှာကြားချက်တွေကို ရေးပြပါမယ်။ ဒါလဲ အဓိက အရေးကြီးတဲ့အကြောင်းအရာတွေပါ။

**ယနေ့ခေတ်လူတို့စကားပြောနေမှု အခြေအနေ**

အချို့လူတွေက စကားအတူနည်းပါတယ်။ နည်းဆို နှစ်ပေါင်းများစွာ အိမ်နားနီးချင်းအဖြစ် နေနေတာတောင် စကားမပြောကြဘူး။ သာမန် နေ့စဉ်ကိစ္စအပထားလို့ အရေးကြီးတဲ့နာရေးကိစ္စကိုတောင် မေးမြန်းဖော်မရဘူး။ အဲဒီလောက်စကားနည်းတာ။

တချို့ကျ စကားသိပ်များတယ်။ ပါးစပ်က တစ်ဆက်တည်းပြောနေတယ်။ ကိုယ်ပြောတာမှန်သလား၊ မှားသလားလဲ မဝေဖန်ဘူး။ ပြောချင်ရာပြောနေတော့တာပဲ။ အဲဒီတော့ ကြားရသူတစ်ဖက်သားနားငြီးရတယ်။ အကျိုးဆက်က ကိုယ့်ရဲ့ဂုဏ်သိက္ခာကျဆင်းရတယ်။

ကနေ့အချိန်အခါမှာ လက်ကိုင်ဖုန်းက လူတိုင်းရှိနေတော့ တချို့ကျ ပြောစရာရှိလို့ပြောနေတာလား၊ ဟန်ပန်ထုတ်ချင်လို့ပဲ ပြောနေတာလားမသိဘူး။ အချိန်အကြာကြီးပြောနေတယ်။ ပြောတဲ့သူက ပြောနေတော့ နားထောင်သူကလဲ နားထောင်နေရတယ်။ ဒီမှာတင် တန်ဖိုးရှိအချိန်တွေကုန်၊ ဖုန်းဘေလ်တွေတက်ပြီး ငွေကြေးကုန်ကျကြရတယ်။

တချို့ကျ တိတ်တိတ်နေထောင်တန်ဆိုတဲ့စကားပုံကိုမလိုက်နာဘဲ ပြောချင်ရာပြောလိုက်တာ ဒုက္ခရောက်ရော။ ဒါ ကနေ့ခေတ်ကာလ စကားပြောနေမှုပါ။ အဲဒီတော့ အကျိုးရှိအောင် ဘယ်လိုပြောကြရမလဲ ဒါကို ရှေးလူကြီးတွေက မီးမောင်းထိုးပြခဲ့တယ်။

**စကားအရာ အင်္ဂါလေးတန်**

ခေါင်းစဉ်က စကားဟာ မြန်မာဆိုရိုးစကားတစ်ခုဖြစ်ပါတယ်။ စကားအရာ အင်္ဂါလေးတန်ရဲ့ အနက်အဓိပ္ပာယ်က ဒီလိုရှိတယ်။ သုဘာသိတ ပြေပြေပြစ်ပြစ်ပြောတာ၊ ပိယဝါစာ ချစ်နှစ်သက်ဖွယ်စကားပြောတာ၊ သစ္စာ ဟုတ်တိုင်းမှန်ရာပြောတာနဲ့ ဓမ္မတရားနဲ့အညီပြောတာတွေဖြစ်ပါတယ်။ နည်းနည်းစီချဲ့ထွင်ပြောပါရစေ။

❖ စာရေးသူရဲ့အိမ်နားမှာ မကြာခင်နှစ်တွေက သူစိမ်းနှစ်ဦးပြောင်းရွှေ့ရောက်ရှိလာတယ်။ ပျူငှာဖော်ရွေသူတွေဖြစ်တော့ သူတို့က ကိုယ့်အိမ်လာစကားစပြီးပြော၊ သူတို့အိမ်တက်မင်္ဂလာမှာဖိတ် အဲဒီလိုလုပ်ကြတယ်။ ကိုယ်ကလဲ ပျူငှာစွာတုံ့ပြန်ပေါ့။ ဒါနဲ့ ရင်းနှီးပြီး ဆွေလိုမျိုးလိုဖြစ်သွားကြတယ်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီသဘောမျိုးဖြစ်သွားတယ်။ နှစ်ဖက်အကျိုးရှိကြပါတယ်။ အိမ်နားနီးပြီး ပျူငှာဖော်ရွေခြင်းမရှိသူတွေကတော့ နှစ်ပေါင်း ၂၀ ကျော်တာတောင် မေးထူးခေါ်ပြောသိပ်မဖြစ်ဘူး။ လုပ်ငန်းခွင်မှာ အတူလုပ်ကိုင်နေကြသူအချင်းချင်းလဲ ပျူငှာဖော်ရွေစွာ ဆက်ဆံကြရမှာပါပဲ။ ဒါမှ အသံကြားရင် ရွှင်လန်းရ၊ မျက်နှာမြင်ရင် ချစ်ခင်ရဖြစ်ကြမှာပါ။ ❖

**ပြေပြေပြစ်ပြစ်ပြောပါ**

လုပ်ငန်းခွင်တစ်ခုက နမူနာယူစရာအကြောင်းအရာတစ်ခုကိုလဲ စာရေးသူဖတ်မိတာရှိတယ်။ ယဉ်ကျေးရည်မွန်တဲ့ မန်နေဂျာတစ်ယောက်က သူ့စက်ရုံထဲကို လိုက်စစ်တယ်။ အဲဒီစက်ရုံထဲမှာ ဆေးလိပ်မသောက်ရဘူးလို့ အမိန့်ထုတ်ထားတယ်။ ဒါပေမဲ့ မန်နေဂျာလာစဉ်မှာ အလုပ်သမားတစ်ယောက် ဆေးလိပ်သောက်နေတာတွေ့တယ်။ အဲဒီအခါ မန်နေဂျာက "ငါ့ညီ လာ တို့စက်ရုံပြင်ပသွားပြီး ဆေးလိပ်သောက်ကြရအောင်"လို့ပြောပြီး ခေါ်သွားတယ်။ အဲဒီတော့ အလုပ်သမားက သူ့အမှားသူသိပြီး မနေနိုင်လို့ ဆေးလိပ်သောက်မိပါတယ်။ နောက်မသောက်တော့ပါဘူးလို့ ဝန်ခံတယ်။ အကယ်၍သာ မန်နေဂျာက "စည်းကမ်းထုတ်တားတာမသိဘူးလား"ကစပြီး ဆူပူကြိမ်းမောင်းရင် မန်နေဂျာနဲ့ အလုပ်သမားတွေကြားမှာ မပြေမပြစ်ဖြစ်ပေမယ်။

အဲဒီတော့ အိမ်မှာပဲဖြစ်ဖြစ်၊ လုပ်ငန်းခွင်မှာပဲဖြစ်ဖြစ် ပြေပြေပြစ်ပြစ်ပြောကြရင် အစစချောမွေ့နိုင်ပါတယ်။ ဒါနဲ့ပတ်သက်လို့ မြန်မာရှေးလူကြီးတွေက ဒီလိုဆိုရိုးစကားနဲ့ ဆုံးမခဲ့တယ်။ "နှုတ်ချိုသျှိုတစ်ပါး" တဲ့။ ချိုသာစွာပြောဆိုတာဟာ အရေးကိစ္စတွေကို အောင်မြင်ပြီးမြောက်စေသည်လို့ ဆိုပါတယ်။

**ချစ်ခင်နှစ်သက်ဖွယ်စကားပြောပါ**

ချစ်ခင်နှစ်သက်ဖွယ်ဖြစ်စေတဲ့စကားတွေကတော့ နည်းနည်းများတယ်။ အဲဒီစကားမျိုးတွေကတော့ **ပျူငှာဖော်ရွေတဲ့စကား၊ ကြင်နာတဲ့စကား၊ သာယာနာပျော်ဖွယ်စကား၊ ကျေးဇူးတင်ကြောင်းပြောတဲ့စကားနဲ့ ချီးမွမ်းစကား**တွေဖြစ်ပါတယ်။

"**ပျူငှာဖော်ရွေခြင်း**ကို ငွေပေး၍မဝယ်ရပါ။ Courtesy Cost Nothing"လို့ အင်္ဂလိပ်ရှေးလူကြီးများက စကားပုံနဲ့ပြောခဲ့တယ်။ အဲဒါ သိပ်မှန်တယ်နော်။ ကိုယ့်မှာရှိတဲ့ ပါးစပ်နဲ့ပဲပြောရတာ ဘာတစ်ပြားမှ မပေးရဘူးမဟုတ်လား။ စာရေးသူရဲ့အိမ်နားမှာ မကြာခင်နှစ်တွေက သူစိမ်းနှစ်ဦးပြောင်းရွှေ့ရောက်ရှိလာတယ်။ ပျူငှာဖော်ရွေသူတွေဖြစ်တော့ သူတို့က ကိုယ့်အိမ်လာစကားစပြီးပြော၊ သူတို့အိမ်တက်မင်္ဂလာမှာဖိတ် အဲဒီလိုလုပ်ကြတယ်။ ကိုယ်ကလဲ ပျူငှာစွာတုံ့ပြန်ပေါ့။ ဒါနဲ့ ရင်းနှီးပြီး ဆွေလိုမျိုးလိုဖြစ်သွားကြတယ်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီသဘောမျိုးဖြစ်သွားတယ်။ နှစ်ဖက်အကျိုးရှိကြပါတယ်။ အိမ်နားနီးပြီး ပျူငှာဖော်ရွေခြင်းမရှိသူတွေကတော့ နှစ်ပေါင်း ၂၀ ကျော်တာတောင် မေးထူးခေါ်ပြောသိပ်မဖြစ်ဘူး။ လုပ်ငန်းခွင်မှာ အတူလုပ်ကိုင်နေကြသူအချင်းချင်းလဲ ပျူငှာဖော်ရွေစွာဆက်ဆံကြရမှာပါပဲ။ ဒါမှ အသံကြားရင် ရွှင်လန်းရ၊ မျက်နှာမြင်ရင် ချစ်ခင်ရဖြစ်ကြမှာပါ။

နောက်တစ်မျိုးက **ကြင်နာတဲ့စကား**ဖြစ်ပါတယ်။ လူအချင်းချင်းထားရှိရမဲ့စိတ်တွေကတော့ ခင်မင်မှုသံယောဇဉ်၊ မေတ္တာ၊ စေတနာ၊ အကြင်နာ၊ ကရုဏာတွေဖြစ်ပါတယ်။ ဒီနေရာမှာလဲ အင်္ဂလိပ်စကားပုံတစ်ခုပြောပြချင်ပါတယ်။ အဲဒါကတော့ "Kind Words are Worth Much and Cost Little ကြင်နာသောစကားလုံးများသည် တန်ဖိုးများစွာရှိပြီး အခနည်းသည်"ဖြစ်ပါတယ်။ လူတွေဟာ သေမျိုးဖြစ်လို့ အိမ်တိုင်းမှာ သေဆုံးမှုဆိုတာရှိနေတယ်။ နာမျိုးမို့ မကျန်းမမာဖြစ်ကြရတယ်။ တစ်ခါတစ်ရံ သဘာဝဘေးနဲ့တွေ့ပြီး ဒုက္ခရောက်ရတာလဲရှိတယ်။ အဲဒီလိုကြုံနေတာကို ကြင်နာတဲ့စကားလေးပြောဖို့ မလိုပါဘူးလို့ တချို့ကခံယူကြတယ်။ အဲဒီလိုတော့ မဖြစ်သင့်ဘူးပေါ့။ မြန်မာမှာတောင်ရှိတယ်မဟုတ်လား။ "မသာတစ်ခေါက် ကျောင်းဆယ်ခေါက်" ဆိုတာ နာရေးအတွက် လိုက်ပို့တဲ့ကြင်နာမှုဟာ ဘုန်းတော်ကြီးကျောင်း ဆယ်ခေါက်သွားတာနဲ့တောင် ညီမျှတယ်။ အဲဒီတော့ ဆွေမျိုး ဒါမှမဟုတ် ခင်မင်ရင်းနှီးသူတွေ နာရေးကြုံရင် ကြင်နာတဲ့စကားကို ပြောဖြစ်အောင်ပြောကြရပါမယ်။ အဲဒီလိုပြောတာဟာ လူမှုဆက်ဆံရေးမှာ အထူးတန်ဖိုးကြီးမားလှပါတယ်။

**သာယာပျော်ရွှင်ဖွယ်သောစကား**ဟာလဲ ပြောအပ်လှတဲ့စကားဖြစ်ပါတယ်။ "One Good Word Can Warm Three Winter Months သာယာတဲ့စကားတစ်ခွန်းသည် ဆောင်းကာလသုံးလကို နွေးထွေးစေသည်"လို့ ဂျပန်စကားပုံတစ်ခုကဆိုတယ်။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရှိတယ်။ သူ့ကို ဖုန်းဆက်တာနဲ့ ဒါမှမဟုတ် သူကစခေါ်တာနဲ့ "မင်္ဂလာပါ"လို့စပြောတယ်။ နမူနာယူစရာပါ။ စာသင်ကျောင်းတွေမှာလဲ ကျောင်းသားလူငယ်တွေဟာ "မင်္ဂလာပါဆရာမ၊ မင်္ဂလာပါဆရာ" စတဲ့စကားသံနဲ့ နှုတ်ဆက်ကြိုဆိုကြရပါတယ်။ အဲဒီလို သာယာပျော်ရွှင်ဖွယ်စကားကို လူမှုရေးနယ်ပယ်မှာလဲ သုံးရမှာပါ။ အဘတန် အဘပေါ့။ အစ်ကိုကြီးတန် အစ်ကိုကြီးပေါ့။ ညီမလေးတန် ညီမလေးပေါ့။ အစ်မတန် မမ၊ အစ်မပေါ့။ သက်တူရွယ်တူဆို သူငယ်ချင်းပေါ့။ ဒီလိုသာယာပျော်ရွှင်ဖွယ်စကားနဲ့ ဆက်ဆံပြောဆိုကြရင် ပိုမိုရင်းနှီးမှုရကြမယ်။ ပိုမိုချစ်ခင်ကြမယ်ပေါ့။ လုပ်ငန်းအဝဝလဲ အဆင်ပြေကြမှာပါပဲ။ နှစ်ဖက်စလုံး ရွှင်လန်းချမ်းမြေ့ကြပါမယ်။

နောက်တစ်မျိုးကတော့ **ကျေးဇူးတင်ပါတယ်**ဆိုတဲ့စကား။ တစ်ယောက်ယောက်က ကိုယ့်ကို ပစ္စည်းတစ်ခုခုပေးရင် ကျေးဇူးတင်ပါတယ်ဆိုတဲ့စကားကတော့ မပြောမဖြစ်ပြောရမဲ့စကားပါ။ ဖြစ်နိုင်ရင် ပစ္စည်းရပြီး တစ်ရက်၊ နှစ်ရက်ကြာတဲ့အခါ စားစရာပေးရင် စားကောင်းကြောင်း၊ ဝတ်စရာပေးရင် အဆင်လေးကလှကြောင်း ခေတ်မီကြောင်း စသဖြင့် မှတ်မှတ်ရရပြောရပါမယ်။

**ချီးမွမ်းပြောဆိုတဲ့စကား**ဟာလဲ ကောင်းကျိုးပွားစေတဲ့စကားတစ်မျိုးပါပဲ။ ချီးမွမ်းတာကို လူတိုင်းလိုလားကြပါတယ်။ ကိုယ့်သားကို ငါ့သားကတော်တယ်။ လိမ္မာတယ်လို့ ချီးမွမ်းပြောဆိုပါ။ ငါ့သမီးက သဘောကောင်းတယ်။ စနစ်တကျသုံးတတ်စွဲတတ်တယ်လို့ ချီးမွမ်းပေးပါ။ ကောင်းကျိုးလွန်စွာပွားပါလိမ့်မယ်။ သူတစ်ပါးတွေကိုလဲ သူ့ရှေ့မှာပဲဖြစ်ဖြစ်၊ သူကွယ်ရာမှာပဲဖြစ်ဖြစ် ချီးမွမ်းပြောဆိုပါ။ အပြစ်တင်ဝေဖန်တာ၊ ရှုတ်ချကဲ့ရဲ့တာတွေကိုတော့ မပြုရပါဘူး။ အဲဒီလို ချစ်ခင်နှစ်သက်ဖွယ်တဲ့စကားတွေပြောခြင်းဖြင့် အစစအဆင်ပြေ၊ ဘဝမှာအောင်မြင်မှာမုချပါ။

**ဟုတ်တိုင်းမှန်ရာပြောပါ**

မဟုတ်မမှန်တဲ့ မုသားစကားကို လုံးဝမပြောဖို့ ငါးပါးပဉ္စသီမှာ ပါရှိတယ်မဟုတ်လား။ အဲဒီတော့ နေ့စဉ်စကားပြောရာမှာ ဟုတ်တိုင်းမှန်ရာကိုပဲ ပြောပါ။ လာမယ်ပြောထားပြီးရင် သွားဖြစ်အောင်သွားပါ။ လုပ်ပေးမယ်ဆိုထားရင် လုပ်ဖြစ်အောင်လုပ်ပေးပါ။ ကတိတည်ပါ၊ သစ္စာရှိပါ။ အဲဒီအခါ ဒီလူက မဟုတ်စကားမပြောဘူးဆိုတဲ့ဂုဏ် ကိုယ်ရမှာပါ။ အဲဒါကြောင့် စကားကို စဉ်းစားပြီးပြောပါ။ ကိုယ်ဆောင်ရွက်နိုင်သလား၊ ကိုယ်မလုပ်ပေးနိုင်ဘူးလား ချင့်ချိန်ပါ။ ပြီးမှပြောပါ။ အဲဒါဆို ကိုယ့်စကားကိုယ်တည်ပြီး ကိုယ်ဟာ ဂုဏ်သိက္ခာရှိသူဖြစ်ပါမယ်။

**တရားနည်းလမ်းတကျပြောပါ**

မိသားစုဘဝမှာရော၊ လုပ်ငန်းခွင်မှာပါ တရားနည်းလမ်းတကျပြောဆိုလုပ်ကိုင်ရပါမယ်။ မိသားစုတွေ ပြိုကွဲရတာဟာ အဲဒီတရားနည်းလမ်းတကျမပြောရာကစပါတယ်။ တရားနည်းလမ်းနဲ့ သွေဖည်ရာက ပြဿနာဖြစ်တော့တယ်။ နောက်ဆုံး ကွဲကြကွာကြဖြစ်ကုန်တယ်။ လုပ်ငန်းခွင်မှာလဲ အထူးသဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူတွေဟာ တရားနည်းလမ်းတကျပြောရပါမယ်။ လုပ်ရပါမယ်။ ဒါဆို စည်းလုံးညီညွတ်ကြမယ်။ ပျော်ရွှင်ကြမယ်။ လုပ်ငန်းခွင်သာယာမယ်။ ဒါကြောင့် တရာနည်းလမ်းတကျပြောတာဟာလဲ လူတို့စကားပြောရာမှာ မဖြစ်မနေလိုက်နာအပ်တဲ့ အင်္ဂါရပ်ဖြစ်ပါတယ်။

**စကားပြောရာမှာ ဒါတွေဆင်ခြင်ပါ**


အီတလီစာရေးဆရာ စစ်စီရိုက "တွေးတောမြော်မြင်မှုနည်းလေလေ စကားပိုပြောလေလေ "The Less People Think The More They Talk"လို့ ပြောခဲ့တယ်။ စကားများများပြောနေတော့ တွေးတောချိန် ဘယ်ရတော့မလဲ။ အဲဒါကြောင့် မြန်မာဆိုရိုးစကားမှာ "စကားများအမှားပါ"လို့ ရှေးလူကြီးတွေက ဆုံးမခဲ့တယ်။ "တိတ်တိတ်နေထောင်တန်"ဆိုတဲ့ မြန်မာစကားပုံနဲ့ "စကားပြောခြင်းသည် ငွေဖြစ်ပြီး တိတ်ဆိတ်နေခြင်းသည် ရွှေဖြစ်သည်" ဆိုတဲ့ အင်္ဂလိပ်စကားပုံတွေအရ စကားနည်းနည်းပဲပြောကြရမှာ ထင်ရှားပါတယ်။ ဟိန္ဒူ စကားပုံကတော့ "ဆိတ်ဆိတ်နေခြင်းသည် အမှားမဖြစ်နိုင်"လို့ ဆိုထားတယ်။ အဲဒီတော့ စကားများများပြောတာနဲ့ နည်းနည်းပဲပြောတာ ဘယ်ဟာအကျိုးရှိသလဲဆိုတာ ဝေခွဲလို့ရသွားပါပြီ။ အဲဒါတွေကတော့ စကားကို ဘယ်လိုဘာတွေပြောရမယ်။ ဘာတွေဘယ်လိုမပြောရဘူးဆိုတာရှင်းသွားပါပြီ။ ပြောအပ်တဲ့စကားကို ပြောသင့်တဲ့အချိန်အခါပြောကြပြီး အကျိုးတရားခံစားကြရပါစေကြောင်း ဆန္ဒမွန်ပြုပါတယ်။

**ကိုးကား**

**(၁) မြန်မာစကားပုံနှင့် မြန်မာဆိုရိုးစကား ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ ဦးစီးဌာန**

**(၂) နိုင်ငံတကာစကားပုံအဘိဓာန် ဦးတင့်ဝင်းနိုင်**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Maha Thray Sithu Min Aung Hlaing addresses Passing-out Parade of the 23rd Intake of Defence Services Medical Academy



Senior General Min Aung Hlaing addresses the Passing-out Parade of the 23rd Intake of Defence Services Medical Academy.

**Nay Pyi Taw December 21**

The Passing-out Parade of the 23rd Intake of Defence Services Medical Academy was held at the parade ground of DSMA in Yangon this morning, addressed by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Maha Thray Sithu Min Aung Hlaing.

Also present at the ceremony together with the Senior General were wife Daw Kyu Kyu Hla, Chief of General Staff (Army, Navy and Air) General Thiripyanchi Maung Maung Aye and wife, Commander-in-Chief (Navy) Admiral Zeyakyawhtin Moe Aung and wife, Commander-in-Chief (Air) General Zeyakyawhtin Tun Aung and wife, senior military officers from Office of Commander-in-Chief and their wives, Union ministers, the commandant of DSMA and officials of Mingaladon Station, officer instructors and faculty members of the academic wing and training wing of DSMA, who are the guardians of the cadets, and guests.

First, the Senior General took the salute of cadet battalions and inspected the cadet companies. Then the cadet companies saluted the Senior General with slow-march past and quick-march past.

The Senior General presented Best Cadet Award to Cadet Hein Tun Zaw, Excellent Award in Training to Cadet Min Khant Kyaw, Excellent Award in Studies to Cadet Kyaw Thura.

In his speech, the Senior General said during the course, you all have been diligently studying military and medical subjects that all military medical officers must be efficient. In all seriousness, I'd like to give some guidance to you who are going to serve in various regions assigned as military medical officers whom the Tatmadaw always finds trustworthy.



Senior General Min Aung Hlaing inspects cadet companies.

The Defence Services Medical Academy was initially established with the aim of **“Bringing up physically and intellectually able medical science officers required by the Tatmadaw (Army, Navy and Air Force)”** and has already been producing good military medical officers.

From today onwards, all of you, medical officers produced by the Defence Services Medical Academy, are going to give health care services for all military men and their family members in your assigned region and respective battalions. Moreover, as you are the ones who are responsible for the national defence, you must also be able to carry out the duty of military operation in the battle fields. Therefore, you should keep on learning hard the military subjects and literature to be able to apply in your practical field and from one corner, you all must also put into action of the mission of the military corps, **“Make fit to fight.”**



Dignities attend the ceremony.

It is really necessary to take care of the health of not only the military men and their family members but also national groups with full of sincerity and sympathy as the motto goes, **“Sincerity, Sympathy and Safety.”** In accord with the saying, which goes, **“Prevention is better than cure”** I'd like to tell you to provide services widely such as distributing knowledge concerned with prevention and cure in order to update one's health knowledge and mindfulness.

You, as military men, are would-be medical officers and must also try hard mainly to abide by the disciplines and to be fit and healthy. When you are well-disciplined, there will be mutual respect between seniors and juniors which leads to a unity in carrying out their duties. Once one is fit and healthy, he will become a smart military man in the standard army.

According to scholars, today is known as the Fourth Manufacturing Revolution Age (Industry 4.0) which is the combination of Digital Internet Technology and Artificial Intelligence. In the processes of manufacturing, transportation and distribution, electronic devices, such as man-made artificial high-intelligent robots, 3D technology, high-tech digital devices, are being used. In this Fourth Manufacturing Revolution Age, such developed digital and computer technology would be broadly used in health care sector of several countries all over the world.

In doing so, robots controlled by humans and 3D technology are used to be able to undergo surgery and to be able to invent machines to manufacture artificial limbs in perfect precision. *See Page 12*



Senior General Min Aung Hlaing meets outstanding cadets.

*From Page 11*

Therefore, I'd like to say that researches on high technology should be done continuously.

Military corps having great historical value, born together with those trying to gain independence has come to 75th Diamond Jubilee on 1st October. Military corps, relaying age-long noble traditions, has been bringing about the benefits of the country, public and Tatmadaw until now.

Medical corps are not only serving at the hospitals and medical battalions but also giving mobile health care services with the aim of giving perfect health care services to the public all over the country. After being provided necessary medical machines and apparatuses by the Tatmadaw, it could be seen that health care services like operation, childbirth and outpatient treatment have been brought about to benefit the public all over the country.

At present time, military hospitals are now upgraded to undergo kidney transplant, liver transplant, coronary angiogram and coronary balloon angioplasty, cardiac surgery and radiation oncology, by doing so, it can be seen that the Tatmadaw has carried out advanced treatment like cardiac and neuro surgery, coronary stent insertion, pacemaker implantation, renal transplant and chest surgery in order to keep abreast with other nations. Besides, it is a great pride for the military corps because the very first liver transplant, which is a milestone for the military corps, has been successfully undertaken in the Tatmadaw on 27th September in order to honour 75th Diamond Jubilee of the medical corps.

At constant times, concerning with the public, our Tatmadaw is an institution keeping the motto in mind, **“Regarding the public as the mothers and the fathers.”** The Tatmadaw is an institution which firmly stands for the national political leadership sector, in line with the motto, **“Our Tatmadaw never betrays national policy.”**

You all know that what domestic and overseas opponents as well as their organizations have done are: rioting, threatening, devastating and taking up arms to collapse state stability and make the country lack of law and order. During that time, the need of health workers was in great demand due to covid-19. Some health workers neglected giving health care services to the public and in various ways, they even disturbed those who sacrificed their selves in giving health care services. Such acts were really terrible black marks and became indestructible in our history.

Especially, owing to incorrect emotion and inspiration, doctors broke the solemn wish of nine medical ethics. And while facing the third wave of the covid-19 pandemic, some doctors with no medical ethics unfaithfully turned their backs to health care services which led to public deaths. It was really a sorrowful incidence. After vowing the solemn wish of nine medical ethics, one became a doctor. But if he failed to save the life of a person, he would be unfaithful to his patient. The meaning of faithfulness is righteously doing things physically, verbally and intellectually and so, keeping faith would be prosperous and if not, it would end in complete failure. That's why you all should take them as a lesson and must be faithful to your profession and institution. I'd like to urge you to keep medical ethics in mind so deeply that they are rooted in your hearts.

Along the history of the Tatmadaw, there have been so many soldiers who sacrificed their lives like Captain Thura Mon Htaw Thet Nyunt whom the medical corps would be proud of and also there are many military doctors who can keep abreast with doctors from other countries. Sustaining these traditions, you who are going to take hand-over duties must strictly abide by the military laws and civilian laws.

You all should try your best to become medical officers who are reliable for the nation and the Tatmadaw as the motto goes, **“To be a good soldier and an efficient doctor,”** should work hard solemnly to become medical men who can keep abreast with others from all over the world by doing researches and keep on studying medical subjects which are constantly improving, should work diligently to give health care services to the Tatmadaw men, their family members and local people where you are assigned, and should try your best to become outstanding and brilliant medical scientists to enhance the prestige of the Defence Services Medical Academy, the medical corps and the Tatmadaw.

After taking salute from the cadet companies, the Senior General left the parade ceremony.

After the parade ceremony, the Senior General met with cadets who won outstanding awards at the parlour of the headquarters of the DSMA and spoke words of honour.

In his praise of the outstanding cadets, the Senior General said like their parents he also felt pleasure and honour for the outstanding cadets. The cadets won the outstanding awards as they had tried very hard and controlled themselves throughout the seven-year course with their own vision and mission. So, they already have the good foundations. They must exercise self-control with awareness and contentment to keep their vision and mission on course throughout their life and sustain the good foundations. They must observe the human values and try to embrace the good moral conducts. They must pay back the debt of gratitude they owe to their parents who had nurtured them till they reached DSMA by obeying them. **They must also pay back the debt of gratitude they owe to DSMA and Tatmadaw which had taught them intellectual and technological knowledge by pursuing the life of a good military doctor and by discharging their task dutifully.** They must make continuous efforts and exercise self-control to preserve their vision and mission and improve themselves. **They must always in touch with the new subjects of the medical field which has many advanced areas through life-long learning.** 100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects Myanmar Shipyards

**Nay Pyi Taw December 21**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Joint Secretary of Lt-Gen Ye Win Oo of the SAC, union ministers, the chief minister of Yangon Region, senior officers from the Office of the Commander-in-Chief of Defence Services, the commander of Yangon Command, the Yangon mayor and officials, inspected the Myanmar Shipyards of the Ministry of Transport and Communications in Kamayut Township in Yangon Region in the afternoon on 20 December.

First, the Senior General and party heard reports on the brief history of the Myanmar Shipyards, its past and current operations and shipbuilding and repairs for home and abroad presented by Union Minister for Transport and Communications Admiral Tin Aung San and Managing Director U Kyaw Naing Aye of the Myanmar Shipyards.

After hearing the reports, the Senior General said the shipyard is a historic shipyard that has been in existence for more than 60 years and introduced the new history of water transportation. The shipyard must be able to build vessels necessary for water transportation and security in the Myanmar waters and along its long coastline. Water transportation is one of the modes of transportation that brings a lot of benefits. Ships that meet international standards must be built at the Myanmar Shipyards and redevelopment of water transportation must be encouraged. Coaster, fishing boats and speed boats must be built and repaired at the shipyard. Water transportation must be upgraded by building ships that can transport goods to neighbouring regional countries. Efforts must be made to build coastal cruise liners and measures must be taken to nurture human resources to do so. With an experience of shipbuilding and repairs for more than 50 years, a new chapter of the Myanmar Shipyards must be opened to achieve success.



Senior General Min Aung Hlaing hears a report on functions of the shipyard.

Then, the Senior General and party inspected the shipyard and operations of the 12,000-ton dry dock and attended to the needs reported by responsible officials.

Then, the Senior General presented cash rewards for staff of the Myanmar Shipyards to an official. 100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets personnel of Locomotive Factory (Insein), Myanma Railways



Senior General Min Aung Hlaing cordially converses with staff members of Insein Locomotive Shed.

**Nay Pyi Taw December 21**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met personnel of Locomotive Factory (Insein), Myanma Railways, in Insein Township, Yangon Region, this morning and delivered a speech to them.

Also present at the meeting were Joint Secretary of State Administration Council Lt-Gen Ye Win Oo, union ministers, the Chief Minister of Yangon Region, senior military officers from Office of the Commander-in-Chief of Defence Services, the Commander of Yangon Command, the Yagon Mayor and officials and officers of Myanma Railways and personnel of Locomotive Factory(Insein).

Firstly, the Senior General delivered a speech at the meeting. In his speech, he said tasks to encourage enterprises that will promote and assist economic development of the nation are being taken when responsibilities of the State are being taken according to the situations that happened in the nation. Therefore, he has inspected enterprises, held discussions and given suggestions so that the enterprises could be operated well.

**The main need for development of the nation is to ensure stability and peace politically and achieve economic development**

Political driving force, economic driving force and defence capabilities are necessary for development of a nation. No matter what political system is exercised, the nation will become developed if there is unity politically. Only if there is a strong economic driving force, will prosperity be achieved. It will be seen that world countries with strong economic driving forces are influential in the world as well as the countries having strong defence capabilities. A nation has a right to independently manage its sovereignty.

Our nation already has good water, land and natural resources. However, various political systems were exercised in the nation in successive eras after regaining the independence, and due to various reasons, efforts cannot be made to achieve economic development. There were trade deficits as economic sanctions were experienced in successive eras. Decline trade causes economic recessions and in 1988, there were political instabilities and disturbances in the country. Therefore, the Tatmadaw took responsibilities of the State and could enact the 2008 Constitution through a national referendum to put the nation on the course of exercising multi-party democracy to be able to exercise the multi-party democracy system that the entire people wanted.

The 2008 Constitution provides equal rights for all national races and federal rights as well. Peace talks are being held with EAOs to ensure domestic peace. In doing so, regarding the wishes of EAOs, the Tatmadaw will do things that could be done under the Constitution. Some matters will be approved and decided through a vote in the Hluttaw. When meeting with leaders of ethnic peoples and political leaders, the Tatmadaw already expressed its agreement with some possible ones of the matters on amending the Constitution. As political stability and economic development is the main thing needed for ensuring development of the nation, I have talked about the history that the nation passed through.

**Rail transport plays a key role in economic driving force of the nation**

Every nation in the world is always endeavoring for economic development. Only if our nation makes efforts without stopping, will development be achieved. Only if there is economic development of the nation, will the people enjoy good income and the nation be developed. If the economic driving force is strong, political and defence driving forces will become strong.

In making efforts for economic development, it is necessary to possess rich human resources, investment capital, on-ground and under-ground natural resources, electricity, and good transport and communication systems. If transport and communication systems are good within the country, the flow of commodities will be speedy, and that will be of much help to the development of the nation. Transport system has road, water and air transports. As rail transport is cheap to deliver goods, it is the most profitable transport system. Therefore, it is seen that rail transport plays a key role in the nation's economic driving force. Efforts are being made to improve the rail transport system so that it will be better in speedy transportation. It is necessary to constantly carry out tasks to upgrade and maintain rail lines. Similarly, it is necessary to do maintenance works in order that locomotives and passenger and cargo coaches will always be good.

As the Myanma Railways is a key organization for the development of the country, I would like to note that the work of railway employees is important. In order to speed up the flow of goods and for people to be able to travel at low prices, all railway networks must be able to run trains. As the responsibility of the Locomotive Factory (Insein), manufacturing and assembling locomotives, which are the main part of the entire train. It was found that diesel electric locomotives are mainly manufactured and installed, and Myanmar's railway sector will develop only if the locomotives are in good conditions. Currently, various countries in the world are experiencing fuel price increases; In order to reduce the need to import fuel, we need to be able to change the use of electric energy-powered transport vehicles in transportation activities. There are many opportunities to run electric trains in their country. However, the conditions to extract electricity from natural resources in the country have not been successful due to various reasons. For the development of the country, the country's existing natural resources must be used effectively and I want them to think about the political competition and objections to the implementation of projects that will be beneficial to the country due to provocation.

In order to distinguish between right and wrong, many educated human resources need to present in our country. At present, efforts are being made to produce and use sufficient electricity. Therefore, it is necessary to make preparations for the use of electric locomotives. In order to be able to do that, the economy must be good to get the necessary funds. Therefore, in order to develop the economy, the Micro, Small and Medium Enterprises (MSME) are being encouraged.

The locomotive factory (Insein) was built more than 100 years ago. As a railway locomotive factory, it has been able to produce railway locomotives since ancient times. It has been about 150 years since trains started to be used in the country, so it has a lot of experience. Using these experiences, we need to be able to produce the locomotives in the country. Through this, we need to be able to produce the locomotives that use electricity. We want it to make efforts to improve railway locomotive technology by using its existing capabilities. In order to improve the knowledge and skills, the workers need to constantly search and read. The workers also need to exchange experiences within the workplace.

Similarly, for good health, the workers need to live with care. The workers can work if only they are in good health and educate. We want the workers as much as possible to avoid drinking alcohol, smoking cigarettes and chewing betel quid that can harm their health and use the money wisely that will be spent on useless drinks. Similarly, there is a need to live and eat according to the climate. Regarding the service, the Senior General said that he wants them to fulfill their responsibilities and make efforts to improve their lives and asked about the needs of the employees of the locomotive factory (Insein).

After that, the Senior General gave food to the factory workers, which was received by the Managing Director of Myanma Railways, Thura U Aung Myo Myint. After the meeting, the Senior General and the members greeted the railway employees who are attended.



Senior General Min Aung Hlaing examines a displayed equipment.

After that, the Senior General and members went around and inspected the conditions of manufacturing and maintaining railway locomotives and producing of locomotive spare parts and the officials explained about them.

Then, the Senior General and members watched the test run of a steam locomotive that had been converted into a coal-burning steam locomotive.

After that, the Senior General and members had lunch together with the employees of the Locomotive Factory (Insein). 100

# Graduation dinner of 23rd Intake of DSMA held



Senior General Min Aung Hlaing attends graduation dinner of the 23rd Intake of Defence Services Medical Academy.

**Nay Pyi Taw December 21**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attended the graduation dinner of the 23rd Intake of the Defence Service Medical Academy held at the convocation hall of the DSMA in Yangon this evening.

Also present at the dinner were Daw Kyu Kyu Hla, the wife of the Senior General, Chief of General Staff (Army, Navy, Air) General Maung Maung Aye and wife, Commander-in-Chief (Navy) Admiral Moe Aung and wife, senior officers from the office of the Commander-in-Chief and wives, union ministers, the chief minister of Yangon Region, the commander of Yangon Command, the Yangon mayor, the commandant of the DSMA and officers from the Mingaladon station, instructor officers from the academic and training departments of the DSMA who are guardians of graduate officers and invited guests.

First, the Senior General cordially greeted the individual graduate officers. Then, the Senior General and party had dinner together with graduate officers and guests.

After the dinner, the Senior General and party enjoyed the music of the DSMA military band and presented cash rewards.

Afterwards, the Senior General and party enjoyed the music of the Myawady Band under the command of the Directorate of Public Relations and Psychological Warfare together with graduate officers at the convocation hall of the DSMA.

100

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers address at meeting 1/2022 of National Committee on Social Protection

**Nay Pyi Taw December 21**

The National Committee on Social Protection held meeting 1/2022 at the meeting hall of the Ministry of Social Welfare, Relief and Resettlement in Nay Pyi Taw at 1.30 pm today, with an address by Chairman of the National Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present at the meeting were Union ministers, deputy ministers, the chairman of the Revenue Appellate Tribunal, the deputy auditor-general, the permanent secretary, directors general and officials.

At first, the Vice-Senior General in his address said that today's meeting was the sixth meeting of the national committee. Social protection measures are crucial for poverty alleviation and improvement of human capital in order to develop the State. In order to further effectively implement work programmes of the Myanmar's social protection national strategic plan and the social protection measures which will be extended, the National Committee on Social Protection was formed and the work committee was constituted for effectively undertaking the assigned tasks.

In reviewing the accomplishment of the Myanmar's social protection national strategic plan approved in 2014, progress can be seen in the implementation, but it needs to do better endeavours. The important role of the social protection measures could be noticed during and after the Covid-19 period.



Vice-Senior General Soe Win delivers address at meeting 1/2022 of National Committee on Social Protection.

Although it can be seemed that social protection measures might be costly, these must be undertaken without fail in order to reduce the socio-economic risks, to contribute to development of human capital and to support basic income. In so doing, everybody needs to understand the social protection sector would have to face achievement as well as difficulties and challenges. As it is necessary to create the legal backup for sustainability of financial assistance programme for the social protection, the Vice-Senior General stressed the need to soonest enact the Myanmar Social Protection Aid Law (Bill).

Currently, the Vice-Senior General unveiled that the Social Management Information System-SMIS is being drawn for effectively implementing the social protection measures, and such a system will be effective in the early coming year. Such an act can be defined as the important progress of social protection. At a time when the system has been built, all need to cooperate with each other in respective sectors for sustainable usage of the system. Moreover, the Vice-Senior General took pride in securing the Digital Government Award 2022 with the Case Management Information System-CMIS in the Digital Summit 2022 organized by the Asian-Oceanian Computing Industry Organization-ASOCIO on 28 October 2022.

Social protection measures are one of the primary function in the Myanmar Sustainable Development Plan–MSDP which is strategic for the State.

Moreover, the Myanmar Sustainable Development Plan is being implemented for meeting the Sustainable Development Goals.

To be able to successfully implement the social protection measures, the national level coordination needs for important fields such as nutrition, education promotion, reduction of mortality rate of under five and creation of job opportunities under the adopted policies, strategic plans and guidance. If so, the country will have the development of human capital.

The monitoring and evaluation are very important in social protection plans. Hence relevant ministries as well as Nay Pyi Taw Council and region/state governments are to cooperate with each other in their respective arenas.

Social protection measures are compulsory for a government in actually serving the people. Hence, all attendees are to discuss the implementation of respective sectors and future plans and give necessary suggestions.

Vice Chair of the National Committee Union Minister Dr Thet Thet Khaing reported on progress of undertaking social protection measures.

Secretary Director General Daw San San Aye reported on accomplishment of the decisions of previous meeting and future plans.

Committee member Union Minister Dr Pwint San and Dr Thet Khiang Win, deputy ministers, chairman of the Revenue Appellate Tribunal, the deputy auditor-general and officials presented reports on undertakings in social protection and future tasks in respective sectors and approved the draft minute of the meeting.

Later, the Vice-Senior General coordinated the discussions and gave a concluding remark. 100

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ၇၀၈၂ ဧက စိုက်ပျိုးပြီးစီး



**မုံရွာ ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ၇၀၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ၁၃၃၁၅ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကြက်သွန်ဖြူ ၇၀၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ ကြက်သွန်ဖြူကို ကြက်သွန်နီလောက် မစိုက်ကြပါဘူး။ ကြက်သွန်ဖြူစိုက်ပျိုးမှုက စိုက်ဧကလဲနည်းပါတယ်။ ကြက်သွန်ဖြူကို စီးပွားဖြစ်မစိုက်ပျိုးကြဘဲ အိမ်သုံးလောက်ပဲ စိုက်ပျိုးကြတာများပါတယ်။ စီးပွားဖြစ်စိုက်တာ နည်းပါတယ်။ အချို့ဒေသတွေမှာတော့ ကြက်သွန်ဖြူကိုစီးပွားဖြစ်စိုက်တာရှိပါတယ်။ ကြက်သွန်ဖြူစိုက်ပျိုးဖို့က အရင်းအနှီးလဲများပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်ဖြူစိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၄၂၇ ဧက၊ တမူးခရိုင်တွင် ဧက ၃၀၊ ကလေးခရိုင်တွင် ၃၁၇ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၉၄ ဧက၊ နာဂဒေသတွင် ၉၈ ဧက၊ မုံရွာခရိုင်တွင် ၉၈ ဧက၊ ယင်းမာပင်ခရိုင်တွင် ၆၁၆ ဧက၊ ရွှေဘိုခရိုင်တွင် ဧက ၄၃၄၀၊ ရေဦးခရိုင်တွင် ၇၁၁ ဧက၊ စစ်ကိုင်းခရိုင်တွင် ၁၃၉ ဧက၊ ကသာခရိုင်တွင် ၂၀၈ ဧက၊ ကောလင်းခရိုင်တွင် လေးဧက စုစုပေါင်း ၇၀၈၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်ဖြူစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်ဖြူကို ကြာရှည်စွာအထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့်အရည်အသွေးကောင်းမွန်သည့် ကြက်သွန်ဖြူများ ဖြစ်စေရန်ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကြက်သွန်ဖြူစိုက်တောင်သူများအနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းခန့်ကုန်ကျစရိတ်ရှိပြီး တစ်ဧကလျှင် ကြက်သွန်ဖြူပိသာချိန် ၁၅၀၀ မှ ၂၀၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။ (၂၀၆)

# တန့်ယန်းမြို့နယ်တွင် နမ့်စမ်းပူလိုက်ဂူစေတီသွားလမ်း ကတ္တရာခင်းခြင်းပြီးစီးမှု စစ်ဆေး

**တန့်ယန်း ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တန့်ယန်းမြို့နယ် နမ့်စမ်းပူလိုဏ်ဂူစေတီသွားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ လားရှိုးခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးနေမျိုးမင်းတို့က နမ့်စမ်းပူလိုဏ်ဂူစေတီသွားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကြပြီး တန့်ယန်းမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးကျော်မင်းထွန်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။



တန့်ယန်းမြို့နယ်ရှိ နမ့်စမ်းပူလိုဏ်ဂူစေတီသွားလမ်း အရှည်တစ်မိုင်နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ လက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၀၂ ဒသမ ၂၄၁ သန်းဖြင့် တန့်ယန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Mahar K9 ကုမ္ပဏီတို့က မေလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ဒေသခံပြည်သူများ ရာသီမရွေးသွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုကြောင့် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ရာ ဒေသခံပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ကျေးလက်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ကြံခင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းရေးသွင်းနည်းသင်တန်းဖွင့်

**ကြံခင်း ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာ ၁၃ ရွာမှ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အထောက်အကူပြုစေရန်ရည်ရွယ်၍ ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းရေးသွင်းနည်းသင်တန်းကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် သင်ကြားပို့ချပေးမည့် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များကို ဘဏ္ဍာရေး ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များ၊ စီမံကိန်းလက်စွဲနှင့် ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် ငွေစာရင်းပုံစံရေးသွင်းနည်းများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကြံခင်းမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာ ၁၃ ရွာမှ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် ၉၁ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ယနေ့မှ ဒီဇင်ဘာ ၂၃ ရက်ထိ သုံးရက်ကြာ အခမဲ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုးကျော်**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၁-၁၂-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၀၈၀၀၀ |
| **(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၅၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၁၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၉၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၁၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သစ္စာမဲ့စွာဖြင့် မျက်ကွယ်ပြုကျောခိုင်းခဲ့သည့် လုပ်ရပ်များကို ဆောင်ရွက်ခဲ့သည့်အတွက် ပြည်သူအချို့ အသက်ဆုံးပါးခဲ့ခြင်းများကို စိတ်မကောင်းစရာကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း၊ **ဆရာဝန်တစ်ဦး၏ ကတိသစ္စာပြု အဓိဋ္ဌာန်(၉)ချက်ကို ရွတ်ဆိုသစ္စာပြုပြီး ဆရာဝန်ဘဝကို ခံယူခဲ့ပြီးသူတစ်ဦးသည် လူသားတို့၏ အသက်ကို ကယ်တင်ရန်ပျက်ကွက်ခဲ့ပါက အဆိုပါဆရာဝန်များသည် သစ္စာမဲ့သူ၊ လူနာများအပေါ် ထိခိုက်ကျူးလွန်ခဲ့သူများသာဖြစ်**ကြောင်း၊ **သစ္စာဆိုသည့်စကား၏ အဓိပ္ပာယ်သည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးဖြင့် မှန်ကန်စွာစောင့်ရှောက်ဆောင်ရွက်ခြင်းဖြစ်ပြီး သစ္စာတရားတည်ကြည်ခြင်းသည် အကျိုးရလဒ်ဖြင့် ပြည့်ဝနေမည်ဖြစ်သကဲ့သို့ သစ္စာတရားပျက်ယွင်းခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်းများနှင့်သာပြည့်နက်နေမည်ဖြစ်**ကြောင်း၊ **အဆိုပါအချက်များကို သင်ခန်းစာယူပြီး မိမိအဖွဲ့အစည်းနှင့် မိမိအလုပ်အပေါ်ကတိသစ္စာမြဲကြရန်၊ မိမိတို့စောင့်ထိန်းရမည့် ဆေးပညာကျင့်ဝတ်များကို ခါးဝတ်ပုဆိုးသဖွယ်မြဲကြရန် အလေးအနက်ထား မှာကြားလို**ကြောင်း။

ဆရာဝန်တစ်ဦး၏ ကတိသစ္စာပြုအဓိဋ္ဌာန်(၉)ချက်ကို ရွတ်ဆိုသစ္စာပြုပြီး ဆရာဝန်ဘဝကိုခံယူခဲ့ပြီးသူတစ်ဦးသည် လူသားတို့၏အသက်ကို ကယ်တင်ရန်ပျက်ကွက်ခဲ့ပါက အဆိုပါဆရာဝန်များသည် သစ္စာမဲ့သူ၊ လူနာများအပေါ် ထိခိုက်ကျူးလွန်ခဲ့သူများသာဖြစ်၊ သစ္စာဆိုသည့် စကား၏အဓိပ္ပာယ်သည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးဖြင့် မှန်ကန်စွာစောင့်ရှောက်ဆောင်ရွက်ခြင်းဖြစ်ပြီး သစ္စာတရားတည်ကြည်ခြင်းသည် အကျိုးရလဒ်ဖြင့် ပြည့်ဝနေမည်ဖြစ်သကဲ့သို့ သစ္စာတရားပျက်ယွင်းခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်းများနှင့်သာ ပြည့်နက်နေမည်ဖြစ်၊ အဆိုပါအချက်များကိုသင်ခန်းစာယူပြီး မိမိအဖွဲ့အစည်းနှင့် မိမိအလုပ်အပေါ် ကတိသစ္စာမြဲကြရန်၊ မိမိတို့စောင့်ထိန်းရမည့် ဆေးပညာကျင့်ဝတ်များကို ခါးဝတ်ပုဆိုးသဖွယ်မြဲကြရန် အလေးအနက်ထားမှာကြားလို . . .

တပ်မတော်သမိုင်းတွင် ဆေးဝန်ထမ်းတပ်ဖွဲ့ဂုဏ်ဆောင် ဗိုလ်ကြီးသူရမွန်ထော်သက်ညွှန့်ကဲ့သို့ တိုင်းပြည်အတွက် အသက်စွန့်အမှုထမ်းခဲ့သူများ အမြောက်အမြားရှိသကဲ့သို့ နိုင်ငံတကာဆေးပညာရှင်များနှင့် ရင်ပေါင်တန်းနိုင်သည့် တပ်မတော်သားအရာရှိဆရာဝန်များလည်း ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့ကြကြောင်း၊ အဆိုပါအစဉ်အလာကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းပြီး အနာဂတ်တာဝန်များ ပခုံးပြောင်းထမ်းဆောင်ကြရမည့်သူများသည် စစ်ဘက်၊ နယ်ဘက်ဥပဒေများကို တိကျစွာလိုက်နာကြရမည်ဖြစ်ကြောင်း။

**"သမားကောင်း အောင်စေသည်"** ဟူသည့် တပ်မတော်ဆေးတက္ကသိုလ်၏ ဆောင်ပုဒ်အတိုင်း နိုင်ငံတော်နှင့် တပ်မတော်က အားထားရမည့် ဆေးမှုအရာရှိကောင်းများဖြစ်လာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်သွားကြရန်၊ ပြောင်းလဲတိုးတက်လာသည့် ဆေးသိပ္ပံပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးသုတေသနပြုပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ဆေးဘက်ပညာရှင်များ ဖြစ်လာအောင် သန္နိဋ္ဌာန်အပြည့်ဖြင့် ကြိုးစားဆောင်ရွက်ကြရန်၊ တာဝန်ကျရာ တပ်အသီးသီးမှ တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူလူထုများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အားသွန်ခွန်စိုက်ဆောင်ရွက်သွားကြရန်၊ တပ်မတော်ဆေးတက္ကသိုလ်၏ဂုဏ်၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ဂုဏ်၊ တပ်မတော်၏ဂုဏ်ကို မြှင့်တင်ပြီး ထူးချွန်ထက်မြက်သည့်ဆေးသိပ္ပံပညာရှင်ကောင်းတစ်ဦးဖြစ်အောင် အစွမ်းကုန်ကြိုးပမ်းကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြ အခမ်းအနား အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်သည် တပ်မတော်ဆေးတက္ကသိုလ်ကျောင်းဌာနချုပ် ညှိခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ သင်တန်းကာလ ခုနစ်နှစ်တာ ကာလတစ်လျှောက်လုံး မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိစွာဖြင့် အစဉ်တစိုက် ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှုကြောင့် ထူးချွန်ဆုများရရှိခဲ့ခြင်းဖြစ်သဖြင့် ကောင်းမွန်သည့်အခြေခံကောင်းများရှိခဲ့ပြီးဖြစ်ကြောင်း၊ ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ရည်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူသားတစ်ဦးတွင်ရှိသင့်သည့် ကျင့်ဝတ်သိက္ခာများကို စောင့်ထိန်းပြီး ကိုယ်ကျင့်တရားကောင်းသည့်သူများဖြစ်အောင်လည်း နေထိုင်ကျင့်ကြံရမည်ဖြစ်ကြောင်း၊ **ယခုခေတ်ကလေးဘဝမှ တက္ကသိုလ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက် သွန်သင်ပေးခဲ့သည့် ကြီးမားလှသည့် မိဘကျေးဇူးကို မိဘများ၏ ကေးကို နားထောင်ခြင်းအားဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်သကဲ့သို့ အသိပညာများနှင့် အတတ်ပညာများကို သင်ကြားပေးလိုက်သည့် တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်နှင့် နိုင်ငံတော်၏ ဂုဏ်ကျေးဇူးကိုလည်း စေ်သားကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦးပီသစွာနေထိုင်ကျင့်ကြံခြင်း၊ သစ္စာရှိရှိဖြင့် တာဝန်ကျေပွန်အောင်ထမ်းဆောင်ခြင်းတို့ဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်**ကြောင်း၊ ကြိုးစားအားထုတ်မှုရှိမှ သာလျှင် ဘဝရပ်တည်မှုများ မြင့်မားမည်ဖြစ်ပြီး မိမိတို့၏ရည်မှန်းချက်ပန်းတိုင် မပျောက်စေရေးအတွက် စဉ်ဆက်မပြတ်ဆက်လက်ကြိုးပမ်းအားထုတ်သွားရန်နှင့် မိမိကိုယ်ကို စောင့်ထိန်းနေထိုင်သွားကြရန်လိုကြောင်း၊ ထို့ပြင် **ဆေးပညာရပ်နယ်ပယ်တွင် မြင့်မားသည့်ဆေးပညာရပ်များ များစွာရှိနေသည့်အတွက် ခေတ်အလိုက်ပေါ်ထွက်နေသည့် အသစ်အသစ်သော ပညာရပ်များကို မျက်ခြည်မပြတ်စေရေး ဘဝတစ်လျှောက်လုံးတွင် လေ့လာဖတ်ရှုမှတ်သားမှုကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၈၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၁၈၁၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၁၅၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ ညီအစ်ကိုမောင်နှမများနှင့် ကရင်တိုင်းရင်းသားအပေါင်းတို့ခင်ဗျား–**

ယနေ့ခရစ်နှစ် ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၂၂ ရက် ကရင်သက္ကရာဇ် ၂၇၆၂ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၄ ခု ပြာသိုလဆန်း ၁ ရက်နေ့သည် ကရင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ မြတ်နိုးတန်ဖိုးထားသည့် ကရင်အမျိုးသားနှစ်သစ်ကူး နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ကရင်တိုင်းရင်းသားအားလုံး ဂုဏ်ယူတန်ဖိုးထားကြသည့် နှစ်သစ်ကူးမင်္ဂလာ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ နှစ်သစ်အခါသမယတွင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းစသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများသည် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မတူကွဲပြားကြသော်လည်း တိုင်းရင်းသားလူမျိုးများအားလုံး မိသားစုစိတ်ဓာတ်မွေးမြူပြီး တစ်ဦးအပေါ်တစ်ဦး တန်ဖိုးထားလေးစား၍ အတူတကွနေထိုင်လာခဲ့ကြပါသည်။ မွေးဖွားရာဇာတိ နေထိုင်ရာအရပ်ဒေသ ပြောဆိုသုံးနှုန်းသည့် စာပေ၊ စကား၊ ကိုးကွယ်ယုံကြည်သည့်ဘာသာ၊ လိုက်နာကျင့်သုံးသည့် ဓလေ့ထုံးတမ်းအစဉ်အလာများ မည်သို့ပင်ကွဲပြားစေကာမူ တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး အေးအတူပူအမျှ၊ မရှိအတူရှိအတူ စည်းလုံးညီညာစွာဖြင့် ဆွေမျိုးသားချင်းပမာ လက်တွဲနေထိုင်ခဲ့ကြသည်။ ကရင်အမျိုးသားဆိုသည်မှာလည်း ကရင်မျိုးနွယ်စုတစ်ခုချင်းစီတို့၏ အမျိုးဇာတိ၊ ဘာသာအယူဝါဒ၊ ယုံကြည်ကိုးကွယ်မှုတို့နှင့်မသက်ဆိုင်ဘဲ အားလုံးသော ကရင်မျိုးနွယ်များ၊ မျိုးနွယ်စုများ၊ မိသားစုဝင်အနွယ်တူ လူမျိုးများအားလုံးကို ပေါင်းစည်းဆိုလိုခြင်းဖြစ်ပါသည်။

ကရင်အမျိုးသားနှစ်သစ်ကူးနေ့သည် ကောင်းမြတ်သော ကရင်သက္ကရာဇ်နှစ်၏ ပထမနေ့ဖြစ်ပါသည်။ နှစ်သစ်အလို့ငှာ ပြာသိုလဆန်း ၁ ရက်နေ့ ကျရောက်သောအခါ ကရင်အမျိုးသားများသည် အိမ်သစ်များကို တည်ဆောက်ကြခြင်း၊ ပစ္စည်းများကို အသစ်ပြုပြင်ကြခြင်းများ ဆောင်ရွက်ကြသည်ဟု သိရှိရပါသည်။ ထို့ပြင် တောင်ကုန်းထူထပ်သော နေရာသစ်တို့၌ တောင်ယာသစ်များ သတ်မှတ်ကြသည်။ ဤကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို အားလုံးသော ကရင်တိုင်းရင်းသားများက အလေးထား ဂုဏ်ယူ နေရာတိုင်းတွင် အသိအမှတ်ပြုကြကြောင်း သိရှိရပါသည်။

ကရင်ပြည်နယ်၏အထင်ကရသင်္ကေတသည် သံလွင်မြစ်ဖြစ်သကဲ့သို့ ကရင်တိုင်းရင်းသားတို့၏ ကိုယ်စားပြုယဉ်ကျေးမှုသင်္ကေတသည် ဖားစည်နှင့်ကျွဲချိုဖြစ်ပါသည်။ နှစ်သစ်ကူးပွဲ၊ အိမ်သစ်တက်ပွဲ၊ ကောက်သစ်စားပွဲနှင့် လိပ်ပြာခေါ်ပွဲ စသည့်ဘာသာရေးဆိုင်ရာရိုးရာပွဲတော်များရှိပြီး ကရင်ဒုံးယိမ်းအကသည် မြူးကြွသွက်လက်၍ လူကြိုက်များသော အကတစ်မျိုးဖြစ်ပါသည်။

ထို့ပြင် ကရင်လူမျိုးတို့သည် ကိုးကွယ်ရာဘာသာအလိုက် ရုပ်တုကိုးကွယ်သူ ကရင်များက နတ်များကို ကိုးကွယ်ပသခြင်း၊ ဗုဒ္ဓဘာသာကရင်များက ဘုရားရှိခိုးကြခြင်း၊ ကျောင်းဇရပ်သွားခြင်း၊ ကောင်းမှုကုသိုလ်အလှူဒါနများ ပြုလုပ်ခြင်း၊ သံဃာတော်များထံမှ တရားနာယူခြင်း၊ ခရစ်ယာန်ဘာသာ ကရင်များက ဘုရားရှိခိုးခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်း စသည်တို့အပြင် သက်ဆိုင်ရာယုံကြည်ကိုးကွယ်မှုအလိုက် ကရင်မျိုးနွယ်စုအားလုံးတို့သည် ဘာသာရေးပွဲတော်များကို ပြုလုပ်ကြခြင်းရှိကြပါသည်။ ထို့ကြောင့် ကရင်အမျိုးသားများ၏ သမိုင်းတွင် ဤကရင်နှစ်သစ်ကူးနေ့ကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပျော်ပွဲရွှင်ပွဲများအပါအဝင် ကျယ်ကျယ်ပြန့်ပြန့်ခမ်းခမ်းနားနား ကျင်းပလျက်ရှိကြပါသည်။

**တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား–**

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် ကရင်တိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်းများနှင့်အတူ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါသည်။ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများမှာလည်း လျော့နည်းတိမ်ကောပပျောက်မှုများဖြစ်လာနိုင်သဖြင့် အလေးထားထိန်းသိမ်းကြရန် တိုက်တွန်းအပ်ပါသည်။

ကရင်တိုင်းရင်းသားများ၏ ဘိုးဘွားဘီဘင် အစဉ်အဆက်ထိန်းသိမ်းလာခဲ့ကြသည့် စာပေ၊ စကား၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့ထုံးတမ်း၊ သမိုင်းအမွေအနှစ်များ လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြသကဲ့သို့ ရိုးသားမှု၊ ကြိုးစားမှု၊ သစ္စာရှိမှု၊ တိကျပြတ်သားစွာ ဆောင်ရွက်တတ်မှုများကိုလည်း နောင်အနာဂတ်တိုင်းရင်းသား လူငယ်များက ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် မိမိတို့၏ ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည်ဆိုပါက ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သော ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။ ကရင်တိုင်းရင်းသားများအနေဖြင့်လည်း ပညာနှင့်ယှဉ်သော သတ္တိ၊ မေတ္တာနှင့်ယှဉ်သော ရဲရင့်ခြင်း၊ မှန်မြတ်သည့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်အတွက် ညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်းဖော်ဆောင်ကြရန် နှစ်သစ်ကူးအခါသမယတွင် အလေးအနက်ဖိတ်ခေါ် လိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား–**

ကရင်ပြည်နယ်အတွင်းရှိနှင့်ပြီးဖြစ်သည့် သယံဇာတအရင်းအမြစ်များနှင့် အခြေခံကောင်းများကို အသုံးချ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်မည်ဆိုပါက ကရင်ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများ တိုးတက်လာပြီး ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝသည်လည်း ပြောင်းလဲလာမည်ဖြစ်ကာ ကရင်ပြည်နယ်သည်လည်း အချိန်တိုအတွင်း တိုးတက်ပြောင်းလဲလာမည်ဖြစ်ပါသည်။

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သော တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးအင်အားကောင်းလျှင် တိုင်းပြည်သာယာဝပြောပြီး တည်ငြိမ်မှုလည်း ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အခြေခံအားဖြင့် စီးပွားရေးအားကောင်းအောင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့က ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် တစ်နိုင်ငံလုံး သာယာဝပြောလာနိုင်မည်ဖြစ်ပါသည်။

လူမှုစီးပွားဟုဆိုရာတွင် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့ပါဝင်ပြီး ပညာရေးသည် အဓိကကျပါသည်။ ပညာတတ်များဖြင့်သာ နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ရာ လူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ကိုယ့်ကိုယ်ကိုယ် အားကိုးနိုင်ရေး ဆောင်ရွက်ပေးရန်လိုပါသည်။ မိမိတို့နိုင်ငံတွင် လုံးဝကျောင်းမနေဖူးသူများရှိနေပြီး ကျောင်းနေသူများတွင်လည်း အဆင့်အလိုက် ကျောင်းထွက်မှု များနေသည်ကို တွေ့ရပါသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် ကျောင်းမနေဖူးသူ ပိုမိုများပြားသည်ကိုတွေ့ရပြီး ပြည်နယ်အချို့တွင် ကျောင်းမနေဖူးသူရာခိုင်နှုန်းမှာ ပြည်ထောင်စု၏ ပျမ်းမျှနှုန်းထက် ပိုမိုများပြားသည်ကို တွေ့ရပါသည်။ စာရင်းများအရ ကရင်ပြည်နယ်တွင် အသက် ၁၅ နှစ်နှင့်အထက် စာတတ်မြောက်မှုရာခိုင်နှုန်းမှာ ၇၅ ရာခိုင်နှုန်းခန့်ရှိသဖြင့် ပညာရေးကဏ္ဍတွင် ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းသည် နိုင်ငံ၏စီးပွားရေးကို အဓိကထားဆောင်ရွက်ပေးနေခြင်းဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေးကို အဓိကထားမြှင့်တင်ပေးရန် လိုအပ်ပါသည်။ ဒေသအသီးသီးဖွံ့ဖြိုးတိုးတက်မှသာ တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ရာ တစ်နိုင်ငံလုံး ကျေးလက်ဒေသများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးသည် အသိပညာ၊ အတတ်ပညာကြွယ်ဝရန် လိုအပ်သကဲ့သို့ မျိုးဆက်သစ်ပညာတတ် လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရန်လည်း လိုအပ်နေကြောင်း တွေ့ရပါသည်။ **"အတန်းပညာရှိမှ အသိပညာရမည်၊ အသိပညာရှိမှ အတတ်ပညာရမည်"**ဖြစ်၍ လူငယ်များ ပညာသင်ကြားရေးကို အလေးထားဆောင်ရွက်ကြမှသာ နိုင်ငံတော်၏ အနာဂတ်ကောင်းကျိုးကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မိမိတို့ပြည်နယ်အပါအဝင် နိုင်ငံတော်ကြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်မှာ မျိုးဆက်သစ်များကို ကောင်းမွန်စွာပြုစုပျိုးထောင်ပေးရန် အရေးကြီးပါသည်။ အနာဂတ်တွင် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာကြမည့် လူငယ်များသည် မိမိတို့အတွက် အသိပညာ၊ အတတ်ပညာများ တိုးတက်သည်ထက်တိုးတက်အောင် ရှာဖွေဖြည့်ဆည်းနေကြရမည်ဖြစ်ပြီး တိုင်းပြည်နှင့်လူမျိုး၊ ဘာသာသာသနာကို တန်ဖိုးထားသည့်စိတ်ဓာတ်များ မွေးမြူနိုင်ရေးကိုလည်း သင်ကြားလေ့ကျင့်ပေးကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းရင်းသားပြည်သူများ၏ဆန္ဒနှင့်အညီ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ငြိမ်းချမ်းမှုမရှိသည့်ဒေသတွင် ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ အလှမ်းဝေးနေမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်လူမှုစီးပွားဘဝများမှာလည်း နိမ့်ကျနေမည်ပင်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အဓိကလိုအပ်ချက်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်အနေဖြင့် ဖြစ်ပေါ်နေသည့် ဆူပူအကြမ်းဖက်မှုများကို တရားဥပဒေနှင့်အညီ သိမ်မွေ့ညင်သာစွာ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားအဖွဲ့အစည်းများနှင့်လည်း NCA လမ်းကြောင်းအတိုင်းလျှောက်လှမ်းနိုင်ရန် ညှိနှိုင်းဆွေးနွေးလျက်ရှိရာ တိုးတက်မှုများရှိနေပါသည်။ နိုင်ငံရေး၊ တိုင်းရင်းသားရေးများကြောင့် ကရင်ပြည်နယ်အတွင်းတွင် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့သဖြင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအဟန့်အတားများကို ကျော်လွှားနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လက်တွေ့ကျကျတိုးတက်လာနိုင်စေရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ဒေသနှင့် တိုင်းပြည်အတွက် ပကတိလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးလျက်ရှိရာ ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် ရလဒ်ကောင်းများ ပေါ်ထွက်လာနေပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။ လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့သည် မိမိတို့နိုင်ငံ၏ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီး မကြာခင်မှာပင် ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများသည်လည်း ဆယ်စုနှစ်များစွာကြာခဲ့ပြီဖြစ်ရာ ထိုသို့မပြီးနိုင်၊ မစီးနိုင်၊ အဖြေမထွက်နိုင်သည့် လက်နက်ကိုင်သံသရာမှ ရုန်းထွက်ကြရန် အချိန်ကျပြီဖြစ်ကြောင်း တိုက်တွန်းဖော်ပြအပ်ပါသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လိုလားတောင့်တကြသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရေးအတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်မှာ အဓိကလိုအပ်ချက်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံနှင့် ပြည်သူအားလုံးတို့ အကျိုးအတွက် လက်နက်ကိုင်လမ်းစဉ်နှင့် လက်နက်ကိုင်ပဋိပက္ခများကိုစွန့်ခွာ၍ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နိုင်ငံရေးလမ်းကြောင်းအမှန်ပေါ်မှ ငြိမ်းချမ်းစွာလျှောက်လှမ်းကြရန် လွန်စွာအရေးကြီးလှပါသည်။

ထိုကဲ့သို့ ထာဝရငြိမ်းချမ်းရေးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးကို နိုင်ငံတော်အစိုးရနှင့်အတူ သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားပြည်သူအားလုံးက ပူးပေါင်းပါဝင်မှသာ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးခရီးစဉ်မှာ အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း အသိပေးမှာကြားလိုပါသည်။

ယနေ့ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ရပ်တည်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့နိုင်ငံအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင်ရှိသည့် တိုင်းရင်းသားပြည်သူများနှင့် တာဝန်ရှိသူအဆင့်ဆင့်တို့က ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် ကရင်အမျိုးသားနှစ်သစ်ကူးအခါသမယတွင် တိုက်တွန်းနှိုးဆော်ရင်း ကရင်အမျိုးသားနှစ်သစ်ကူးနေ့သဝဏ်လွှာ ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)မှ ဝန်ထမ်းများကို တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်) မှ ဝန်ထမ်းများကို သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ အရာရှိကြီးများနှင့်စက်ခေါင်းစက်ရုံ(အင်းစိန်) မှဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေရသည့်အချိန်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကို အထောက်အကူပြုနိုင်သည့် လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းများလည်ပတ်နိုင်ရေး လိုက်လံကြည့်ရှုစစ်ဆေးပြီး တွေ့ဆုံဆွေးနွေးမှုများနှင့် အကြံပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကလိုအပ်ချက်သည် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်**

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေး မောင်းနှင်အားနှင့် ကာကွယ်ရေးစွမ်းပကားများကောင်းမွန်ရန် လိုအပ်ကြောင်း၊ နိုင်ငံရေး မောင်းနှင်အားတွင် မည်သည့်နိုင်ငံရေး စနစ်ကိုကျင့်သုံးသည်ဖြစ်စေ နိုင်ငံအတွင်းရှိ နိုင်ငံရေးအရ စည်းလုံးညီညွတ်မှုများ ရှိမည်ဆိုပါက နိုင်ငံတိုးတက်မည်ဖြစ်ကြောင်း၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာလျှင်လည်း ချမ်းသာကြွယ်ဝမှုရှိမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးမောင်းနှင်အား ကောင်းမွန်သည့် နိုင်ငံများသည် ဩဇာရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးစွမ်းပကား ထက်မြက်သည့် နိုင်ငံများသည်လည်း ကမ္ဘာတွင် ဩဇာရှိသည့်နိုင်ငံများဖြစ်ကြကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိတို့၏ အချုပ်အခြာအာဏာကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိကြောင်း။

မိမိတို့နိုင်ငံသည် စီးပွားရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့် ကောင်းမွန်သည့် ရေမြေသဘာဝများရှိပြီးဖြစ်ကြောင်း၊ သို့သော်လည်း လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ခေတ်အဆက်ဆက်တွင် နိုင်ငံရေးစနစ်အမျိုးမျိုးကို ပြောင်းလဲကျင့်သုံးခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှုမရှိခဲ့ကြောင်း၊ ခေတ်အဆက်ဆက်တွင် စီးပွားရေးအရ ပိတ်ဆို့ခံရမှုများကြောင့် ကုန်သွယ်မှုလိုငွေများဖြစ်ပေါ်ခဲ့ခြင်း၊ ကုန်သွယ်မှုကျဆင်းခြင်းတို့ကြောင့် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် နိုင်ငံရေးမတည်ငြိမ်မှုများ၊ ဆူပူအုံကြွမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်က နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူဆောင်ရွက်ခဲ့ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြည်လုံးကျွတ်ဆန္ဒခံယူ၍ အတည်ပြုပြဋ္ဌာန်းပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) တွင် တိုင်းရင်းသားများအားလုံးကို တူညီသည့် အခွင့်အရေးများပေးထားပြီးဖြစ်ပြီး ဖက်ဒရယ်အခွင့်အရေးများကို ပေးထားခြင်းပင်ဖြစ်ကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်များနှင့်လည်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲများပြုလုပ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၏ လိုလားချက်များမှ အခြေခံဥပဒေအရ ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို တပ်မတော်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အချို့သောကိစ္စရပ်များကို လွှတ်တော်တွင်မဲခွဲဆုံးဖြတ်၍ အတည်ပြုဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံချိန်များတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြင်ဆင်လိုသည့် ကိစ္စရပ်များအနက် ဖြစ်နိုင်သည့်ကိစ္စရပ်များကို ပြင်ဆင်နိုင်ရေး တပ်မတော်မှ သဘောတူညီသည်ကို ဆွေးနွေးပြောကြားပြီးဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကလိုအပ်ချက်သည် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် စီးပွားရေးအရဖွံ့ဖြိုးတိုးတက်ရန် ဖြစ်သည့်အတွက် ယခုကဲ့သို့ နိုင်ငံ၏ ဖြတ်သန်းခဲ့ရသည့် နိုင်ငံရေးသမိုင်းကြောင်းကို ရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း။

**နိုင်ငံ၏စီးပွားရေးမောင်းနှင်အားတွင် ရထားပို့ဆောင်ရေးသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေ**

**ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းသည် နိုင်ငံအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်နေ**ကြကြောင်း၊ **မိမိတို့နိုင်ငံအနေဖြင့်လည်း ရပ်နေ၍မရဘဲ ကြိုးစားအားထုတ်နေမှသာလျှင် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်**ကြောင်း၊ **နိုင်ငံ့စီးပွားရေး ကောင်းမွန်မှသာလျှင် တိုင်းသူပြည်သားများ ဝင်ငွေကောင်းမွန်မည်ဖြစ်ပြီး နိုင်ငံသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**ကြောင်း၊ **စီးပွားရေးမောင်းနှင်အားကောင်းမွန်ပါက နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့သည်လည်း ကောင်းမွန်လာမည်ဖြစ်**ကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်ကြွယ်ဝရန်၊ ရင်းနှီးမြှုပ်နှံငွေများရှိရန်၊ မြေပေါ်မြေအောက် သယံဇာတများရှိရန်၊ လျှပ်စစ်ဓာတ်အားရရှိရန်နှင့် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးစနစ်များ ကောင်းမွန်မှုရှိရန်တို့ လိုအပ်ကြောင်း၊ နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်ပါက ကုန်စည်စီးဆင်းမှုများသည်လည်း မြန်ဆန်လျင်မြန်လာမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ **သယ်ယူပို့ဆောင်ရေးစနစ်တွင် ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းပို့ဆောင်ရေးတို့ရှိပြီး ရထားဖြင့်ပို့ဆောင်ခြင်းသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းများကို ပို့ဆောင်နိုင်သဖြင့် အကျိုးအရှိဆုံး ပို့ဆောင်ရေးစနစ်ဖြစ်**ကြောင်း၊ ထို့ကြောင့် **နိုင်ငံ၏စီးပွားရေး မောင်းနှင်အားတွင် ရထားပို့ဆောင်ရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်**ကြောင်း၊ ရထားပို့ဆောင်ရေး စနစ်ကို ယခုထက်ပိုမိုလျင်မြန်စွာ သွားလာနိုင်သည့်အဆင့်ထိရောက်ရှိအောင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လည်း လိုကြောင်း၊ အလားတူ ရထားတွဲများ၊ စက်ခေါင်းတွဲများ၊ လူစီးတွဲ၊ ကုန်တင်တွဲများကိုလည်း အမြဲကောင်းမွန်စေရေး ထိန်းသိမ်းဆောင်ရွက်နေရန်လိုကြောင်း။

မြန်မာ့မီးရထားသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အဖွဲ့အစည်းတစ်ခုဖြစ်သဖြင့် မီးရထားဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုသည် အရေးပါသည်ကိုလည်း သတိပြုစေလိုကြောင်း၊ ကုန်စည်စီးဆင်းမှုများ လျင်မြန်စေရေး၊ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် သွားလာနိုင်ရေးအတွက် ရထားလမ်းကွန်ရက်များအားလုံး ရထားပြေးဆွဲနိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်ခေါင်းစက်ရုံ(အင်းစိန်)၏ တာဝန်အနေဖြင့် ရထားတစ်စီးလုံး၏ အဓိကဖြစ်သည့် စက်ခေါင်းတွဲများကို ထုတ်လုပ်တပ်ဆင်ခြင်း၊ **စာမျက်နှာ ၂၁ သို့**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)မှ ဝန်ထမ်းများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေနွေးငွေ့စက်ခေါင်းအား ကျောက်မီးသွေးသုံးစက်ခေါင်းအဖြစ် ပြုပြင်ထားရှိသည့် မီးရထားစက်ခေါင်းစမ်းသပ်မောင်းနှင်နေမှုကို ကြည့်ရှုစဉ်။**


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)မှ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်စဉ်။**

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၃) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲတွင် သင်တန်းဆင်းအရာရှိများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲတွင် သင်တန်းဆင်းအရာရှိများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၃) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်ဆေးတက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းအရာရှိများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။**

**စာမျက်နှာ ၂၀ မှအဆက်**

ပြုပြင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ဒီဇယ်လျှပ်စစ်စက်ခေါင်းများကို အဓိကထား ထုတ်လုပ်တပ်ဆင်သည်ကို တွေ့ရှိရပြီး စက်ခေါင်းတွဲများ ကြံ့ခိုင်ကောင်းမွန်မှသာ မြန်မာ့မီးရထားကဏ္ဍသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ စက်သုံးဆီဈေးနှုန်းမြင့်တက်မှုများကို ကြုံတွေ့နေကြရကြောင်း၊ စက်သုံးဆီ တင်သွင်းနေရမှုများကို လျှော့ချနိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် လျှပ်စစ်စွမ်းအင်သုံး ပို့ဆောင်ရေးယာဉ်များကို ပြောင်းလဲအသုံးပြုနိုင်ရေး ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၌ လျှပ်စစ်ရထားပြေးဆွဲနိုင်မည့် အခွင့်အလမ်းများ များစွာရှိပြီးဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတွင်း၌ရှိသည့် သယံဇာတရင်းမြစ်များမှ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်မည့် အခြေအနေများသည် အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှုမရှိခဲ့ကြောင်း၊ **နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ၏ရှိရင်းစွဲ သယံဇာတအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချနိုင်ရမည်ဖြစ်သဖြင့် နိုင်ငံရေးအရ အားပြိုင်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် နိုင်ငံ့အတွက်အကျိုးရှိမည့် စီမံကိန်းများဆောင်ရွက်နေမှုကို ကန့်ကွက်နေမှုများကို ဦးစားဆောင်ရွက်ကြစေလို**ကြောင်း။

**အမှားအမှန် ခွဲခြားနိုင်ရေးအတွက် မိမိတို့နိုင်ငံ၌ ပညာတတ်လူသားအရင်းအမြစ်များ များစွာပေါ်ထွက်လာရန်လို**ကြောင်း၊ လက်ရှိအချိန်၌ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားသုံး ရထားစက်ခေါင်းတွဲများ အသုံးပြုနိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်ဘဏ္ဍာငွေများ ရရှိရေး စီးပွားရေးကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

စက်ခေါင်းစက်ရုံ(အင်းစိန်) သည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်ခန့်ကတည်းက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မီးရထားစက်ခေါင်းစက်ရုံအနေဖြင့် ရှေးကတည်းကပင် မီးရထားစက်ခေါင်းများ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ရထားများကို စတင်အသုံးပြုခဲ့သည်မှာ နှစ်ပေါင်း ၁၅၀ ခန့်ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် အတွေ့အကြုံများစွာရှိပြီးဖြစ်ကြောင်း၊ အဆိုပါအတွေ့အကြုံများကိုအသုံးချ၍ နိုင်ငံအတွင်း မီးရထားစက်ခေါင်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထို့မှတစ်ဆင့် လျှပ်စစ်ဓာတ်အားအသုံးပြုသည့် မီးရထားစက်ခေါင်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့၏ ရှိပြီးဖြစ်သည့် အစွမ်းအစများကို အသုံးပြု၍ မီးရထားစက်ခေါင်းနည်းပညာများကို ယခုထက်တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အသိပညာများနှင့် အတတ်ပညာများ တိုးတက်စေရေးအတွက် အမြဲမပြတ် ရှာဖွေလေ့လာဖတ်ရှုခြင်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းခွင်အတွင်း အတွေ့အကြုံများဖလှယ်ခြင်းများကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း။

အလားတူ ကျန်းမာရေးကောင်းမွန်ရေးအတွက်လည်း ဂရုတစိုက်ဖြင့် နေထိုင်ကြရန်လိုကြောင်း၊ ကျန်းမာမှသာ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှသာ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် အရက်၊ ဆေးလိပ်၊ ကွမ်းများ သောက်သုံးခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ကြစေလိုပြီး အကျိုးမရှိစေမည့် အသောက်အစားများကြောင့် ကုန်ကျမည့် ငွေကြေးများကို အကျိုးရှိရှိ အသုံးချရန်လိုကြောင်း၊ အလားတူ ရာသီဥတုနှင့်ကိုက်ညီသည့် နေထိုင်စားသောက်မှုများလည်း ရှိရန်လိုကြောင်း၊ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ မိမိတို့ ထမ်းဆောင်ရသည့် တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ပြီး မိမိတို့ဘဝ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ (အင်းစိန်)မှ ဝန်ထမ်းများ၏ လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး သူရဦးအောင်မျိုးမြင့်က လက်ခံရယူသည်။ တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် မီးရထားဝန်ထမ်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မီးရထားစက်ခေါင်းစက်ရုံအတွင်း မီးရထားစက်ခေါင်းများ ထုတ်လုပ်တပ်ဆင်နေမှု၊ ပြုပြင်ထိန်းသိမ်းနေမှု၊ မီးရထားစက်ခေါင်းအရန်ပစ္စည်းများ ထုတ်လုပ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေနွေးငွေ့စက်ခေါင်းကို ကျောက်မီးသွေးသုံး စက်ခေါင်းအဖြစ် ပြုပြင်ထားရှိသည့် မီးရထားစက်ခေါင်း စမ်းသပ်မောင်းနှင်နေမှုကို ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်)မှ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။**

☆ **ကျောဖုံးမှအဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်နိုင်အေးတို့က မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏သမိုင်းအကျဉ်းနှင့် လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ ပြည်တွင်းပြည်ပမှ ရေယာဉ်များကို တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုသင်္ဘောကျင်းသည် နှစ်ပေါင်း ၆၀ ကျော်သက်တမ်းရှိ အစဉ်အလာကြီးမားသည့် သင်္ဘောကျင်းတစ်ခုဖြစ်ပြီး ရေကြောင်းပို့ဆောင်ရေး၏ သမိုင်းသစ်ကို အစပျိုးခဲ့ခြင်းပင်ဖြစ်ကြောင်း၊နိုင်ငံ၏ ရှည်လျားသည့်ကမ်းရိုးတန်းနယ်နိမိတ်နှင့်ရေပိုင်နက်နယ်နိမိတ်အတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် လုံခြုံရေးတို့အတွက် လိုအပ်သည့် ရေယာဉ်များကို တည်ဆောက်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ ရေကြောင်းပို့ဆောင်ရေးစနစ်သည် အကျိုးများစွာရှိသည့် ပို့ဆောင်ရေးစနစ်တစ်ခုပင်ဖြစ်ကြောင်း၊ **နိုင်ငံတကာအဆင့်မီသင်္ဘောကြီးများကို မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၌ပင် တည်ဆောက်နိုင်ရမည်ဖြစ်ပြီး ရေကြောင်းပို့ဆောင်ရေး ပြန်လည်ဖွံ့ဖြိုးလာရေးအတွက် အားပေးဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ကမ်းရိုးတန်းသွားသင်္ဘောများ၊ ငါးဖမ်းသင်္ဘောများနှင့် အမြန်ရေယာဉ်များကို တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ အိမ်နီးချင်း ဒေသတွင်းနိုင်ငံများသို့ သွားလာကူးသန်းပြီး ကုန်စည်များပို့ဆောင်နိုင်သည့် သင်္ဘောများတည်ဆောက်ပြီး ရေကြောင်းပို့ဆောင်ရေးကို အဆင့်မြှင့်တင်နိုင်ရမည်ဖြစ်ကြောင်း၊ **ကမ်းရိုးတန်းသွား Cruise Liner သင်္ဘောများကို တည်ဆောက်နိုင်ရေး**အတွက်လည်း **ကြိုးပမ်းဆောင်ရွက်ကြရန်လို**ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **ရေယာဉ်တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ နှစ်ပေါင်း ၅၀ ကျော်ကြာ အတွေ့အကြုံရှိပြီးဖြစ်သဖြင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း အစဉ်းကဏ္ဍသစ်ကို ပြန်လည်စတင်ရမည်ဖြစ်ပြီး အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်**ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းအတွင်း လှည့်လည်ကြည့်ရှု၍ တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့အတွက် အကောင်းဆုံးအမျိုးသား၊ အမျိုးသမီးအားကစားသမားဆုရရှိသူများကို ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာ၊ တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ခိုင်မာမှုများကို ပြသခြင်းဖြစ်ပြီးထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၉ ခုနှစ်နှင့်၂၀၂၁ ခုနှစ်တို့အတွက် အကောင်းဆုံးအမျိုးသား၊ အမျိုးသမီးအားကစားသမားဆုရရှိသူများကို ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ Multipurpose Hall ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့အတွက် အကောင်းဆုံးအားကစားသမားဆုများကို ရွေးချယ်ခဲ့မှု၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အကောင်းဆုံးအားကစားသမားဆုရရှိခဲ့သူများ၏ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုနှင့် အောင်မြင်မှုဆုတံဆိပ်ရရှိအောင် စွမ်းဆောင်ခဲ့မှုပုံရိပ်မှတ်တမ်း Video Clips များကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့အတွက် အကောင်းဆုံးအားကစားသမားဆုရရှိခဲ့ကြသည့် ဘိလိယက်နှင့် စနူကာအားကစားနည်းမှ မောင်မောင် ခေါ် ဘုန်းမြင့်ကျော်နှင့် ဦးပေါက်စ၊ အားနစ်အားကစားနည်းမှ မအိဖြူဖူးနှင့်ပိုပီနမ်အားကစားနည်းမှ မခိုင်ဝါဖူးနှင့်မမေဟန်နီအောင်လွင်တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀ စီကို ပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က ၂၀၁၉ ခုနှစ်နှင့်၂၀၂၁ ခုနှစ်တို့အတွက် ဆုတံဆိပ်များရရှိအောင်အကောင်းဆုံးစွမ်းဆောင်ပေးခဲ့သော မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက ၂၀၁၉ ခုနှစ်နှင့်၂၀၂၁ ခုနှစ်တို့အတွက် ဆုတံဆိပ်များရရှိအောင် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့သော အုပ်ချုပ်သူနှင့် နည်းပြများကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။




ထို့နောက် ဆုရရှိသူများကိုယ်စား မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်ကို NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့လူမဆန်စွာမိုင်းထောင်ဖောက်ခွဲခဲ့မှုနှင့်ပတ်သက်၍ မန္တလေးမြို့၌ ပြင်းထန်စွာရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်



**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂) ရေယာဉ်ကို ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းတွင် NUG၊ CRPHတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ ၁၇ ဦး မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည်။

**မန္တလေးမြို့၌ အထက်မြန်မာပြည်မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ (မန္တလေး)မှ သံဃာတော်များနှင့် အကြမ်းဖက်မှုများကို မလိုလားသော ဒေသခံပြည်သူများ စုပေါင်း၍ အေးချမ်းစွာဆန္ဒထုတ်ဖော်ကြစဉ်။**

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြင်းထန်စွာရှုတ်ချကြောင်းကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ အထက်မြန်မာပြည်မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ(မန္တလေး)မှ သံဃာတော်များနှင့် အကြမ်းဖက်မှုများကိုမလိုလားသော ဒေသခံပြည်သူများစုပေါင်း၍ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်အနီးတစ်ဝိုက်တို့တွင် "ဗုဒ္ဓဘာသာကို အကြမ်းဖက်သောအစွန်းရောက်လူသတ်ကောင်များအလိုမရှိ၊ NUG၊CRPHနှင့် PDFအမည်ခံ အကြမ်းဖက်အဖွဲ့များအလိုမရှိ၊အကြမ်းဖက်အားပေးပြည်ပနိုင်ငံများအလိုမရှိ၊ ရဟန်းသံဃာများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ လူမဆန်စွာအကြမ်းဖက်သတ်ဖြတ်နေသည့် NUG၊ CRPH နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို ဆန့်ကျင်ကြ" စသည့်ပိုစတာများ၊ ဆိုင်းဘုတ်များကိုင်ဆောင်ကာ ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ အေးချမ်းစွာဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး(၁/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြား





လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၁/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၂)ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့်အစည်းအဝေးသည် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် ဆင်းရဲမှုလျှော့ချရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသောလူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းအစီအစဉ်များနှင့် တိုးချဲ့ဆောင်ရွက်ရန်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် **"လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ"**ကို ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် "လုပ်ငန်းကော်မတီ"ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း။

၂၀၁၄ ခုနှစ်က အတည်ပြုထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မဟာဗျူဟာစီမံချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကို ပြန်လည်သုံးသပ်ကြည့်ပါက တိုးတက်မှုများရှိသည်ကို တွေ့ရှိရမှာဖြစ်ပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်နေသည့် အကြောင်းအရာများကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားခဲ့သည့်ကာလအတွင်းနှင့် နောင်းပိုင်းများတွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၏ အရေးပါမှုကို ပိုမိုသတိထားမိလာကြကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် သာမန်အားဖြင့် ကြည့်ပါက ငွေကြေးအကုန်အကျများသည်ဟု ထင်ရသော်လည်း နိုင်ငံသူ၊ နိုင်ငံသားများ၏ **"လူမှုစီးပွားထိခိုက်လွယ်မှုအခြေအနေများကို လျှော့ချပေးနိုင်ရန်"**၊ **"လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်"**နှင့် **"အခြေခံဝင်ငွေအထောက်အပံ့ဖြစ်စေရန်"**အတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍ ဆောင်ရွက်ရာတွင် အောင်မြင်မှုများနှင့် တိုးတက်ဖြစ်ထွန်းမှုများသာမက အခက်အခဲနှင့် စိန်ခေါ်မှုများစွာ ရှိနေသည်ကိုလည်း နားလည်သဘောပေါက်ထားရမှာ ဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်များရေရှည်တည်တံ့ရေး ဥပဒေပိုင်းဆိုင်ရာ ကျောထောက်နောက်ခံပြုထားနိုင်ရန်လည်း အရေးကြီးသည့်အတွက် "မြန်မာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အထောက်အပံ့ဥပဒေ(မူကြမ်း)"ကို အပြီးသတ်ရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားကြရန် လိုကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် "လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ်(Social Management Information System-SMIS)"ကို ရေးဆွဲလျက်ရှိကြောင်းနှင့် လာမည့်နှစ်ဆန်းပိုင်းတွင် စတင်စမ်းသပ်သုံးစွဲတော့မည်ဟု သိရှိရကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှုသည် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် အရေးပါသည့် တိုးတက်ဖြစ်ထွန်းမှုတစ်ခုလည်းဖြစ်ကြောင်း၊ "လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ်"တည်ဆောက်ပြီးသည့်အခါတွင် အဆိုပါစနစ်ကို ထိရောက်စွာအသုံးပြုနိုင်ရန်နှင့် ရေရှည်တည်တံ့နိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် စင်ကာပူနိုင်ငံ၊ အာရှနှင့် သမုဒ္ဒရာဒေသရှိ သတင်းအချက်အလက်နည်းပညာဆိုင်ရာအသင်းချုပ် (Asian-Oceanian Computing Industry Organization-ASOCIO)မှ ကြီးမှူးကျင်းပခဲ့သည့် Digital Summit 2022 ပြိုင်ပွဲတွင် လူမှုရေးသတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်၏ ကဏ္ဍတစ်ခုဖြစ်သော လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုသတင်းစနစ် (Case Management Information System-CMIS)ဖြင့် Digital Government Award 2022 ဆုရရှိခဲ့ကြောင်း သိရသဖြင့် ဝမ်းသာဂုဏ်ယူပါကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် နိုင်ငံတော်၏ အဓိကမဟာဗျူဟာမြောက် အစီအစဉ်ဖြစ်သည့် "မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP)"တွင် ပါဝင်သည့် အဓိကလုပ်ငန်းတစ်ခုဖြစ်ကြောင်း။

ထို့ပြင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals)ကို မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း "မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း"ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ရေးအတွက် အရေးကြီးသော လုပ်ငန်းနယ်ပယ်များဖြစ်သည့် အာဟာရပြည့်ဝရေးကိစ္စများ၊ ပညာရည်မြင့်မားရေးကိစ္စများ၊ ငါးနှစ်အောက် ကလေးသေဆုံးမှုလျှော့ချရေးကိစ္စများ၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေး ကိစ္စရပ်များအတွက် ရေးဆွဲပြဋ္ဌာန်းထားသော မူဝါဒများ၊ မဟာဗျူဟာစီမံချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အဆင့်အနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ယင်းသို့ သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံ၏ လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို စောင့်ကြည့်ကြီးကြပ်ခြင်း(Monitoring)နှင့် အကဲဖြတ်သုံးသပ်ခြင်း(Evaluation)များ ဆောင်ရွက်ရန် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက်သာမက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်လည်း မိမိတို့၏ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေ ဆောင်ရွက်ပေးရမည့်လုပ်ငန်းများဖြစ်သကဲ့သို့ ပြည်သူလူထုကို အမှန်တကယ်အကျိုးပြုသည့် လုပ်ငန်းများဖြစ်သည့်အတွက် တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် လိုအပ်သည့် အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းအေးက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာပွင့်ဆန်းနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးဆုံးဖြတ်ချက်မူကြမ်းများကို ဖတ်ကြားတင်ပြအတည်ပြုချက်ရယူသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။


ကိုဗစ်-၁၉ ရောဂါ
ကာကွယ်ဆေး
အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့်
ထပ်ဆောင်းကာကွယ်ဆေးများ
ထိုးနှံမှုခံယူခြင်းဖြင့်
ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့်
ရောဂါကြောင့်သေဆုံးရမှုတို့ကို
ထိရောက်စွာလျှော့ချနိုင်ပါ၍
ကာကွယ်ဆေးထိုးနှံမှု
မပျက်မကွက်ခံယူကြပါရန်
တိုက်တွန်းအပ်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် ၂၃၂ /၂၀၂၂**

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**

**စည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ | မန်းသာမြိုင် | တော်လှန်ရေးကောင်စီဝင် |
| ၂။ | ဦးစိုးမြင့် | နိုင်ငံတော်ကောင်စီဝင် |
| ၃။ | ဦးမောင်ညို | နိုင်ငံတော်ကောင်စီဝင် |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့များ**

**သီဟသူရဘွဲ့**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၄၃၆၉၀ | ဗိုလ်မှူး | စိုးသူရ | ကာကွယ်ရေးဝန်ကြီးဌာန |

**သူရဘွဲ့**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၅၉၂၆၃ | ဗိုလ်ကြီး | ထက်မြတ်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | တ-၃၉၄၆၁၉ | ဒုတိယတပ်ကြပ် | ဝေလင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | တ-၄၅၄၅၆၆ | တပ်သား | ချစ်သက်ထွေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | တတ-၁၂၃၈၃၉ | တပ်သား | မျိုးမောင်မောင် | ကာကွယ်ရေးဝန်ကြီးဌာန |

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးခင်မောင်ကြီး | ဝန်ကြီး | ကုန်သွယ်ရေးဝန်ကြီးဌာန |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးခင်မောင်ဝင်း | ဒုတိယဝန်ကြီး | ပြည်ထဲရေးနှင့်သာသနာရေးဌာန |
| ၂။ | ဦးကျော်ခိုင် | ဒုတိယဝန်ကြီး | အလုပ်သမားဌာန |
| ၃။ | ဦးဝင်းမြင့် | ဒုတိယဝန်ကြီး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၄။ | ဗိုလ်မှူးချုပ်ကျော်ဇံမြင့် | ဒုတိယဝန်ကြီး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅။ | ဒေါက်တာဝင်းမြင့် | ဒုတိယဝန်ကြီး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၆။ | ရဲဗိုလ်ချုပ်ကြီးထွန်းလှအောင် | ရဲချုပ် | ပြည်ထဲရေးဝန်ကြီးဌာန |
| ၇။ | ဗိုလ်မှူးကြီးရွှေသန်း | ရဲချုပ် | ပြည်ထဲရေးဝန်ကြီးဌာန |
| ၈။ | ဦးသိန်းအောင် | ရဲချုပ် | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉။ | ဗိုလ်မှူးကြီးသူရဖေအောင် | ရဲချုပ် | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀။ | ဗိုလ်မှူးကြီးစံသိန်း | ရဲချုပ် | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၁။ | ဗိုလ်မှူးကြီးစိုးဝင်း | ရဲချုပ် | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၂။ | ဗိုလ်မှူးကြီးဇော်ဝင်း | ရဲချုပ် | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၃။ | ဒုတိယဗိုလ်မှူးကြီးသိန်းအောင် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၄။ | ဦးခင်ထွန်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၅။ | ဦးဝင်းလွင် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၆။ | ဦးတင်ဦး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၇။ | ဦးဇော်မင်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၈။ | ဦးဘမြင့် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉။ | ဦးသန်းဋ္ဌေး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၀။ | ဗိုလ်မှူးကြီးခင်ကျော်ညို | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၁။ | ဦးမြင့်ဆွေ | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၂။ | ဦးရဲတင့် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၂၃။ | ဦးခင်မောင်ဋ္ဌေး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြန်ကြားရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**

**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၇၂၇၅၄ | ဗိုလ်ကြီး | စောရန်နောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | တ-၄၂၆၈၄၅ | တပ်ကြပ် | ချစ်ကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | တ-၄၂၆၈၄၆ | တပ်ကြပ် | ရဲကျော်ဋ္ဌေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | တ-၃၉၄၃၇၆ | ဒုတိယတပ်ကြပ် | သုခ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | တ-၃၉၉၇၃၅ | ဒုတိယတပ်ကြပ် | ဖြိုးထက်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | တ-၄၆၅၅၇၇ | တပ်သား | စိုင်းဆိုင်ပန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | တ-၅၁၇၈၉၉ | တပ်သား | ကျော်ကျော်ထွေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | တ-၅၃၃၇၇၇ | တပ်သား | ဇော်ဝင်းနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | တ-၅၃၉၁၂၆ | တပ်သား | စည်သူလွင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | တ-၅၅၄၅၃၉ | တပ်သား | ဟိန်းမင်းဇော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | တတ-၁၂၃၉၇၆ | တပ်သား | စိုင်းသန်းမောင် | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**

**ရဲဗလတံဆိပ်**

| | | |
|---|---|---|
| ၁။ | မောင်ဇာနည်ထွေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဒေါ်ဝင်းသီတာ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒေါ်တင်ဇာ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဒေါ်စန်းစန်းမော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဒေါ်နန်းလှမြင့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဒေါ်မူမူသင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒေါ်မော်လီခ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဦးနိုင်လင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉။ | ဦးအဲနိုင် | စစ်ကိုင်းတိုင်းဒေသကြီး |

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ**

**စီမံထူးချွန်တံဆိပ်(ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဦးမောင်ဖေ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၂။ | ဦးအောင်မျိုးမြင့် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၃။ | ဦးဝင်းကြည် | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၄။ | ဒေါ်မေမေနီ | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၅။ | ဦးဝထွန်း | ဒုတိယပါမောက္ခချုပ်(စီမံ)(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |

**လူမှုထူးချွန်တံဆိပ်(ပထမဆင့်)**

| | | |
|---|---|---|
| ၁။ | ဦးမြင့်ဝေ(သွေးလှူရှင်) | ကချင်ပြည်နယ် |
| ၂။ | ဦးဇော်ဝင်း(သွေးလှူရှင်) | ကချင်ပြည်နယ် |
| ၃။ | ဘဒ္ဒန္တတိက္ခ(သွေးလှူရှင်) | တနင်္သာရီတိုင်းဒေသကြီး |
| ၄။ | ဦးညွှန့်ရွှေ(သွေးလှူရှင်) | တနင်္သာရီတိုင်းဒေသကြီး |
| ၅။ | ဦးသန်းထွန်း(သွေးလှူရှင်) | ပဲခူးတိုင်းဒေသကြီး |
| ၆။ | ဦးကိုလင်း(သွေးလှူရှင်) | မကွေးတိုင်းဒေသကြီး |
| ၇။ | ဦးမောင်မောင်(သွေးလှူရှင်) | မန္တလေးတိုင်းဒေသကြီး |
| ၈။ | ဦးတင်မျိုးလွင်(သွေးလှူရှင်) | မန္တလေးတိုင်းဒေသကြီး |
| ၉။ | ဦးခင်မောင်ထွန်း(သွေးလှူရှင်) | မန္တလေးတိုင်းဒေသကြီး |
| ၁၀။ | ဦးသောင်းတင်(သွေးလှူရှင်) | မန္တလေးတိုင်းဒေသကြီး |
| ၁၁။ | ဦးကျော်ဆန်းအေး(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၁၂။ | ဦးစိုးမြင့်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၁၃။ | ဦးတင်စိုးမြင့်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၁၄။ | ဦးလှမင်း(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၁၅။ | ဦးသိန်းထိုက်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၁၆။ | ဦးဋ္ဌေးမြင့်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၁၇။ | ဦးသိန်းလွင်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၁၈။ | ဦးသန်းဇော်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၁၉။ | ဦးအောင်ခင်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၀။ | ဦးနေမျိုးအောင်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၁။ | ဦးကိုကိုဦး(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၂။ | ဦးမြဟန်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၃။ | ဦးတင်မောင်ဦး(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၄။ | အရှင်ပဏ္ဍိတ(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၅။ | ဦးစန်းငွေ(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၆။ | ဦးရန်အောင်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၇။ | ဦးအေးကို(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၈။ | ဦးစိန်လှ(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၉။ | ဦးငြိမ်းထွေး(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၃၀။ | ဦးသန်းဝေ(သွေးလှူရှင်) | ဧရာဝတီတိုင်းဒေသကြီး |

**လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်)**

| | | |
|---|---|---|
| ၁။ | ဦးသိန်းမြင့် | မန်နေဂျင်းဒါရိုက်တာ ငွေရည်ပုလဲကုမ္ပဏီ မန္တလေးမြို့ |

**လူမှုထူးချွန်တံဆိပ်(တတိယဆင့်)**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၂၂၆၀၁ | ဗိုလ်ချုပ် | ဇင်မင်းထက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ၈၈၀၀၂၉ | တပ်ကြပ် | ငွေစိုး | ကာကွယ်ရေးဝန်ကြီးဌာန |

**(ပုံ) မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလ အတွင်း ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေးအထောက်အကူဖြစ်စေရန်ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့် ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ငါးဘူးများနှင့်စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀မြို့နယ်၊မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် လေးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့၊ ငဖဲမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့်ပြည်မြို့တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့်တာဝန်ရှိသူများက တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများ စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။



တာချီလိတ်မြို့နယ်၌ ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် နယ်မြေခံ တပ်မတော်သားများက ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန် ပစ္စည်းများကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။



ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသရေးနှင့်ပညာရည်မြင့်မားရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

# ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများနှင့် ပညာရည်မြင့်မားရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပညာရည်မြင့်မားရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး ညီလာခံခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပညာရည်မြင့်မားရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ယခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်နေ နေလင်းဗိုလ်သည် ၎င်းအသုံးပြုသည့် "Nay Lin Bo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက်နေ ဟိန်းမင်းထွန်း (ခ) ဂျက်ဂျက်သည် ၎င်းအသုံးပြုသည့် "Hein Min Htun" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# တောင်ကြီးမြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုး ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံစဉ်။

# ဒီဇင်ဘာ ၂၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦးတွေ့ရှိပြီး တစ်ဦးသေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဒီဇင်ဘာ ၂၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၆၈၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် ၁၀ ဦး တွေ့ရှိပြီး ယနေ့တွင် တစ်ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၅၈၅ ဦး |
| သေဆုံးသူ | ၁၉၄၈၉ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၈၁၈၂ ဦး |

# အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးအသင်းကို သောင်းသောင်းဖြဖြကြိုဆို ဂုဏ်ပြုချီးမြှင့်



မန္တလေး ဒီဇင်ဘာ ၂၁

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများ၊ စေတနာအလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အောင်ပွဲရအားကစားသမားများနှင့် နည်းပြများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှထွက်ခွာလာရာ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့အဝင် တံခွန်တိုင်အပိုင်းသို့ရောက်ရှိပြီး ထိုမှ မော်တော်ယာဉ်များဖြင့် ၇၈လမ်းအတိုင်း ၂၆လမ်းထိ၊ ၎င်းမှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ထိ လှည့်လည်ထွက်ခွာလာရာ လမ်းဘေးဝဲယာတစ်လျှောက်တွင် ဌာနအသီးသီးမှ ဝန်ထမ်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူဦးရေ ၆၅၀၀ ခန့်က ဂုဏ်ပြုပန်းကုံးများ၊ ပန်းစည်းများ ချီးမြှင့်၍လည်းကောင်း၊ အလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြကာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့သို့ ရောက်ရှိချိန်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများက အားကစားသမားတစ်ဦးချင်းစီကို ဂုဏ်ပြုပန်းကုံးများချီးမြှင့်၍ ကြိုဆိုကြသည်။

ထို့နောက် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို မြို့တော်ခန်းမတွင် ဆက်လက်ကျင်းပရာ အောင်ပွဲရ အမျိုးသမီးဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများနှင့် တစ်ဦးချင်းမိတ်ဆက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ တံခွန်စိုက်ဖလားအပ်နှံသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဘောလုံးဆပ်ကော်မတီ၊ မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်၊ ဝူရှူအဖွဲ့ချုပ်၊ အမျိုးသမီးအားကစားဆပ်ကော်မတီ၊ အသင်းအဖွဲ့များနှင့် စေတနာရှင်များ၏ လှူဒါန်းငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက အားကစားသမားများနှင့် နည်းပြများကို ဂုဏ်ပြုငွေများချီးမြှင့်ပြီး တိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းကိုယ်စား အဖွဲ့ခေါင်းဆောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြောင်းနှင့် အခမ်းအနားတွင် အောင်ပွဲရ အမျိုးသမီးဘောလုံးအသင်းကို ငွေကျပ်သိန်း ၅၇၀ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါပြီး မန္တလေးကန်တော်ကြီးနှင့် သင်္ဂဟချောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များကို ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်ရှင်းလင်းဆောင်တွင် ဒီဇင်ဘာ ၁၉ ရက် ညနေပိုင်းက တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေး လုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရေးနှင့် တိုင်းရင်းသားအားလုံးကို အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

# ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်ကို NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့မှုနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၂၁

ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်ကို ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းတွင် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ ၁၇ဦး မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့က ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားများ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

➢ ➢ ➢

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်

၁။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် တနင်္ဂနွေနေ့ ညနေပိုင်းတွင် ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ မောင်းနှင်လာသော ချယ်ရီ(၂)ရေယာဉ်ကို အကြမ်းဖက်သမားအချို့က လက်လုပ်မိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်းနှင့် အပြစ်မဲ့ခရီးသွားပြည်သူ စုစုပေါင်း ၁၇ ဦး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း ကြားသိရပါသည်။

၂။ ဤသို့ ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာသည့် ရေယာဉ်ကိုတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်

၁။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် မိသားစုရပ်ကွက် ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းဘက်သို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်ကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ ၁၇ ဦး မိုင်းစထိမှန်ပြီး ဒဏ်ရာများရရှိခဲ့ပါသည်။

၂။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အပြစ်မဲ့မိဘပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့သော အကြမ်းဖက်အဖွဲ့အစည်းကို မြန်မာနိုင်ငံသဘင်အစည်းအရုံးက ကန့်ကွက်ပြစ်တင်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်

၁။ ဒီဇင်ဘာ ၁၈ ရက် ညနေ ၆ နာရီ မိနစ် ၄၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် မိသားစုရပ်ကွက် ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်ကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ ၁၇ ဦး မိုင်းစများထိမှန်၍ ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည့် ဖြစ်စဉ်အပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အနေဖြင့် လွန်စွာပင်စိတ်နှလုံးမချမ်းမြေ့ဖြစ်ရပါသည်။

၂။ ယခုကဲ့သို့ ပြည်တွင်းရေကြောင်းပိုင် ချယ်ရီ(၂)ရေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် အပြစ်မဲ့ခရီးသွားပြည်သူများကို လူမဆန်စွာ ဒေသန္တရလက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြသည့် PDF အမည်ခံအကြမ်းဖက်သမားများကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# စွန့်ပစ်ပလတ်စတစ်များကြောင့်ဖြစ်ရသည့် ကူးစက်ရောဂါများ (၂)

ယနေ့ ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်မှာ ကူးစက်ရောဂါမျိုးစုံကို သယ်ဆောင်ပေးသည့် Aedes ခြင်ကျားများ အကိုက်ခံရမည့်ပတ်ဝန်းကျင်တွင် နေထိုင်ကြရသည်။ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါပိုးရပ်ပိုးကို သယ်ဆောင်သည့် Culex အနွယ်ဝင်ခြင်အုပ်စုသည်လည်း ပလတ်စတစ်အမှိုက်များထဲ၌ ရှင်သန်ပေါက်ဖွားလေ့ရှိသည်။ ပလတ်စတစ်အမှိုက်များက ဖန်တီးပေးထားသည့် ရေအိုင်ငယ်ကလေးများက ရောဂါပိုးသယ်ဆောင်ဖြန့်ဖြူးမည့် အင်းဆက်များအတွက် သီးသန့်ရေကူးကန်လေးများကဲ့သို့ ဖြစ်နေသည်။ အခြားရေအိုင်ကျယ်များကဲ့သို့ အခြားသော အင်းဆက်ပိုးမွှားများနှင့်ရောရောနှောနှော မရှိပေ။ သည်တော့ ပလတ်စတစ်အမှိုက်များထဲတွင် ရှိနေသည့် ရေအိုင်ငယ်ကလေးများတွင် ခြင်သားလောင်းကလေးများက အောင်အောင်မြင်မြင်ကြီးထွားပြီးခြင်အဆင့်ကို ရောက်ရှိလာကြလေ့ရှိသည်။

ပလတ်စတစ်အိတ်များ ရေမြောင်းထဲတွင် စုပြုံနေလျှင် မြောင်းပိတ်မည်။ တစ်နည်းအားဖြင့် ရေစီးရေလာမကောင်းတော့ဘဲ ရေဆိုးရေညစ်များ ကျန်ရစ်နေစေရန်သွယ်ဝိုက်သောနည်းဖြင့် အားပေးအားမြှောက်ပြုပြန်သည်။ ငှက်ဖျားပိုးကိုသယ်ဆောင်သည့် အနောဖလိအုပ်စုဝင် ခြင်များကျပြန်တော့ လူနှင့်နီးနီးနားနားမနေပေ။ လူနှင့်ဝေးရာ ရေအိုင်များထဲတွင် ရှင်သန်ပေါက်ဖွားကြသည်။ ပလတ်စတစ်အမှိုက်များကြောင့် မြစ်ချောင်းများပိတ်ဆို့သည့်အခါ တောထဲက ရေအိုင်များတွင်ပါ ရေစီးရေလာမကောင်းတော့ဘဲ ရေဆိုးရေညစ်များ စုလာတော့သည်။ အဆိုပါရေအိုင်များက အနောဖလိခြင်များအတွက် မျိုးဆက်ပွားများရာ၊ သားပေါက်ရာ နေရာများဖြစ်လာပြီး ၎င်းဒေသ၏ ငှက်ဖျားရောဂါကူးစက်ပျံ့ပွားမှုနှုန်းကိုမြင့်မားလာစေနိုင်သည်။

ပလတ်စတစ်အမှိုက်များ ပိတ်ဆို့မှုကြောင့်ဖြစ်ပေါ်လာသော ရေဆိုး၊ ရေညစ်အိုင်များသည် ကူးစက်ရောဂါအမျိုးမျိုးကိုသယ်ဆောင်နိုင်သည့် ကပ်ပါးပိုးမျိုးစုံအတွက် သားပေါက်ရာနေရာဖြစ်သကဲ့သို့ နားခိုကြီးပြင်းရာနေရာဌာနများလည်းဖြစ်နေသည်။ Trematodiasis အမည်ရသည့် အသည်း၊ အဆုတ်နှင့် အူများတွင် ဝင်ရောက်ခိုအောင်းနေတတ်သော ကပ်ပါးရောဂါပိုး၊ Dracunculiasis အမည်ရသည့် အစားအသောက်မှတစ်ဆင့်ကူးစက်ပြီး အူကိုဖြတ်ကျော်ကာ အရေပြားပေါ်တွင် အနာဖြစ်စေတတ်သော ကပ်ပါးပိုး၊ Schistosomiasis အမည်ရသည့် အသည်းနှင့် ကျောက်ကပ်များပျက်စီးစေတတ်ပြီး ဆီးအိမ်ကင်ဆာဖြစ်စေတတ်သော ကပ်ပါးပိုး၊ ဆင်ခြေထောက်ရောဂါကပ်ပါးပိုး စသည့်ကပ်ပါးကူးစက်ရောဂါများတွင် ပလတ်စတစ်အမှိုက်များ၏ အကူအညီဖြင့် ပိုမိုရှင်သန်ကြီးထွားလာနိုင်ပြီး လူတို့ကိုဘေးအန္တရာယ်ကျရောက်စေနိုင်သည်။

Schistosomiasis ကပ်ပါးပိုးဆိုလျှင် ရေချိုခရုများက ကြားခံလက်ခံသတ္တဝါ (Host) အဖြစ် သယ်ဆောင်ပေးပြီး ၎င်းတို့၏ ဥများကို ပလတ်စတစ်အမှိုက်များကြား ဥချလေ့ရှိကြောင်း တွေ့ရှိရသည်။ ကပ်ပါးပိုးများသာမကပါ။ လူများတွင်ကူးစက်ခံရပါက အသည်းရောင်အသားဝါနှင့်ကျောက်ကပ်ပျက်စီးခြင်းများထိ ဖြစ်ပွားစေနိုင်သည့် Leptospirosis ဗက်တီးရီးယားရောဂါပိုးသည်လည်း ပလတ်စတစ်ကို ကြားခံလျက် အကာအကွယ်ပြုရှင်သန်ပေါက်ဖွားနိုင်ကြောင်း ဓာတ်ခွဲခန်းသုတေသနများတွင် တွေ့ကြရပါသည်။

ရေမြောင်း၊ ရေကန်၊ ချောင်း၊ အင်း၊ အိုင်များတွင် ပေါလောမျောပါနေသည့် ပလတ်စတစ်အမှိုက်များအားလုံးသည် အထက်ဖော်ပြပါကူးစက်ရောဂါများ



အားလုံးကို လက်ခံသယ်ယူပေးနေသည့် အန္တရာယ်ပစ္စည်းများဖြစ်ကြသည်။ ကာလဝမ်းရောဂါကိုဖြစ်စေသည့် Vibrio ဗက်တီးရီးယားမျိုးစိတ်များကိုလည်း ပလတ်စတစ်အမှိုက်များပေါ်တွင် တွေ့ကြရသည်။

ဗက်တီးရီးယားပိုးများ ပလတ်စတစ်အမှိုက်များကြား ရှင်သန်နေထိုင်ကြပုံက ကပ်ပါးပိုးများ ရှင်သန်ပုံနှင့်မတူ။ အနောဖလိခြင်၊ သွေးလွန်တုပ်ကွေးခြင်များက ပလတ်စတစ်ပုံး၊ အမှိုက်များရှိရာ ရေကန်ထဲ ဥဥချလိုက်ခြင်းဖြင့် သက်ရှိစက်ဝန်းတစ်ပတ်လည်ပြီး ခြင်သားလောင်းမှခြင်တစ်ကောင်အဖြစ် ကြီးထွားလာကြသည်။ ဗက်တီးရီးယားပိုးများကျတော့ ပလတ်စတစ်နှင့် ထိကပ်ခိုအောင်းနိုင်ရန်၊ ဗက်တီးရီးယားပိုးအချင်းချင်းတွယ်ကပ်ထားနိုင်ရန် Biofilm ခေါ်သည့် အချွဲအလွှာပါးလေးတစ်ခုဖန်တီးထားကြသည်။ ၎င်း Biofilm များဖြင့် ပလတ်စတစ်အမှိုက်များနှင့် ထိစပ်ရှင်သန်နေကြခြင်းဖြစ်သည်။

ပလတ်စတစ်အမှိုက်များသည် ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုကို တော်ရုံနှင့်မမှုတတ်ကြသည့်အတွက် သူ့အလိုလိုပျက်စီးသွားရန်လည်း ခက်သည်။ သားစိမ်း၊ ငါးစိမ်းများရောင်းချသည့် သားငါးဈေးများတွင် အသား၊ ငါးထုပ်ပိုးသည့်ပလတ်စတစ်များမှ ရောဂါပိုးများသည် စီးပွားဖြစ်မွေးမြူထားသည့် တိရစ္ဆာန်များကို ကူးစက်နိုင်ခြင်း၊ တိရစ္ဆာန်မှ လူသို့ ကူးစက်သည့်ရောဂါများဖြစ်ပွားခြင်း၊ စိုက်ပျိုးမွေးမြူရေးသမားများ ဝင်ငွေကျဆင်းခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည်။

၂၀၅၀ ပြည့်နှစ်ရောက်သည့်အခါ ကမ္ဘာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် မြို့ပြဒေသများတွင် နေထိုင်အခြေချနေကြမည်ဖြစ်သည်။ သို့သော်လည်း စွန့်ပစ်ပလတ်စတစ်အမှိုက်စီမံခန့်ခွဲရေးနှင့်ပတ်သက်ပြီး လုံလောက်သည့်ပြင်ဆင်မှုများမရှိသည့်အတွက် အထူးသဖြင့် အပူပိုင်းဒေသများမှ မြို့ပြလူသားများအနေဖြင့် ကူးစက်ရောဂါများနှင့်ထိတွေ့မှု ပိုမိုများပြားလာမည်သာဖြစ်သည်။ ကိုဗစ်-၁၉ ကာလအတွင်းတွင် တစ်ခါသုံးပစ္စည်းယဉ်ကျေးမှု ပိုမိုထွန်းကားလာပြီး ပလတ်စတစ်စွန့်ပစ်ပစ္စည်း ပိုမိုများပြားလာသည်ကို တွေ့ကြရသည်။

တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ အသုံးပြုလာကြသည့်အတွက် ကိုဗစ်-၁၉ ရောဂါပိုးဖြစ်ပွားစေသည့် ဗိုင်းရပ်ပိုးတစ်မျိုးကို ကာကွယ်နိုင်မည်ဖြစ်သော်လည်း ပလတ်စတစ်အမှိုက်များပိတ်ဆို့ရာမှ ရေဆိုး၊ ရေအိုင်များ ပိုမိုများပြားလာပြီး ရေနှင့် အစားအသောက်မှ ကူးစက်တတ်သည့် ကပ်ပါးပိုး၊ ဗက်တီးရီးယားပိုးနှင့် ဗိုင်းရပ်ပိုးမျိုးစုံ၏ဒဏ်ကို ပိုမိုခံစားကြရရန်ရှိသည်။ ကုန်ပစ္စည်းအသစ်များ ပြည်ပမှ မှာယူသုံးစွဲနိုင်ကြသည့် ဝင်ငွေအလယ်အလတ်ရှိနိုင်ငံများအတွက် ပလတ်စတစ်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မူဝါဒများသာမရှိပါက ၎င်းကူးစက်ရောဂါမျိုးစုံ၏ဒဏ်ကို ပိုမိုခံစားရနိုင်ဖွယ်ရှိသည်။

ပလတ်စတစ်စွန့်ပစ်ပစ္စည်းပြဿနာသည် သဘာဝပတ်ဝန်းကျင်၊ လူသား၊ တိရစ္ဆာန်သုံးပွင့်ဆိုင်နေသည့်ပြဿနာဖြစ်ပါသည်။ ၎င်းပြဿနာအားလုံးကို ကျယ်ကျယ်ပြန့်ပြန့်ထည့်သွင်းစဉ်းစားပြီး တစ်စုတစ်စည်းတည်းချဉ်းကပ်အဖြေရှာကြရမည်ဖြစ်သည်။ ပလတ်စတစ်အမှိုက်များနှင့် ပတ်သက်လာလျှင် သဘာဝပတ်ဝန်းကျင်ထိခိုက်စေမှုအပေါ်တွင်ပဲ အာရုံစိုက်ကြတာများသည်။ ပလတ်စတစ်ကြောင့် တိရစ္ဆာန်များ ထိခိုက်သေကျေကြရပုံများကိုသာ စိတ်ဝင်စားနေကြသည်။ ပလတ်စတစ်အမှိုက်များကြောင့် ဗက်တီးရီးယားနှင့် ကပ်ပါးပိုးများ တစ်ကျော့ပြန်ခေါင်းထောင်လာနိုင်သည်ကိုတော့ သိပ်ပြီးသတိမပြုမိကြပေ။

ပလတ်စတစ်ထုတ်ကုန်များက စရိတ်သက်သာသည်။ အကြမ်းခံသည်။ တစ်ခါသုံးများအဖြစ် ဖောဖောသီသီအသုံးပြုနိုင်သည်။ အားနည်းချက်က ပလတ်စတစ်သည် ချေဖျက်ရန်ခက်သည်။ ပြန်လည်သုံးစွဲမှုနှုန်းကလည်း နည်းပါးသည်။ အမှိုက်အဖြစ်ပဲ စွန့်ပစ်ကြတာများသည်။ ကမ္ဘာတစ်လွှား တစ်နှစ်လျှင် တန်ချိန် တစ်သန်းမှ ရှစ်သန်းခန့်ထိရှိသည့် ပလတ်စတစ်စွန့်ပစ်အမှိုက်များကို ပင်လယ်သမုဒ္ဒရာများထဲ သွန်ချစွန့်ပစ်နေကြပါသည်။

၁၉၅၀ ပြည့်လွန်နှစ်များမှ ၂၀၁၈ ခုနှစ်ထိ ပလတ်စတစ်တန်ချိန် ၆ ဒသမ ၃ ဘီလီယံကို ကမ္ဘာတစ်လွှား ထုတ်လုပ်ခဲ့ကြပြီး ပြန်လည်သုံးစွဲမှုက ကိုးရာခိုင်နှုန်းသာရှိသည်။ ဖျက်ဆီးလိုက်နိုင်သည်က ၁၂ ရာခိုင်နှုန်း။ ပလတ်စတစ်များကို ပင်လယ်ထဲစွန့်ပစ်ကြသည့်အတွက် ပင်လယ်ပျော်ငှက် ၉၀ ရာခိုင်နှုန်း၏ ခန္ဓာကိုယ်များထဲတွင် ပလတ်စတစ်အစများရှိနေကြသည်ဟုဆိုသည်။

တစ်နှစ်လျှင် ပလတ်စတစ်တန်ချိန်သန်းပေါင်း ၃၅၀ ကျော်ထုတ်လုပ်နေကြသည့်အနက် ၅၁ ရာခိုင်နှုန်းကျော်မှာ အာရှနိုင်ငံများမှဖြစ်ပြီး ၎င်းတို့အနက် တရုတ်နိုင်ငံက ပလတ်စတစ်ထုတ်လုပ်မှုအများဆုံးဟုဆိုသည်။ ပလတ်စတစ်၏ ဆိုးကျိုးများစွာရှိသည့်အနက် ကူးစက်ရောဂါများ၊ ကပ်ပါးပိုးများ၊ အင်းဆက်များ၊ ခြင်များကို ပေါက်ဖွားစေရန်၊ ရှင်သန်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ နေရာပေးတတ်သည့် ပလတ်စတစ်စွန့်ပစ်အမှိုက်များ၏ လူသိနည်းသော ဆိုးကျိုးတစ်ခုကို ဖော်ထုတ်တင်ပြရခြင်းဖြစ်ပါသည်။

**ကိုးကား**

**Plastic pollution and infectious diseases by Pierre-Olivier Maquart, Yves Froehlich, Sebastien Boyer**

**ဒေါက်တာလွှမ်းမိုးဟန်**

# ငပလီမြို့နယ် လိုင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ငပလီ ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် လိုင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်နှင့် ဝန်ထမ်းများက လိုင်ကျေးရွာ၌ လမ်းအရှည်ပေ ၆၆၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများကို ရေရှည်အသုံးပြုသွားလာနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

လိုင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း အသုံးပြုကာ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ အင်ဂျင်နီယာဝန်ထမ်းများ၏ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားသဖြင့် ကျေးရွာရှိ အိမ်ခြေ ၁၆၀၊ လူဦးရေ ၈၄၉ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေမည်ဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြူလေး**

# ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်းဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားနပ်ရိက္ခာဖူလုံစေရန်နှင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် တစ်မြို့နယ်လုံး ပဲလွမ်းသီးနှံဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၃၂၃၂ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက နိုဝင်ဘာလ ဒုတိယပတ်ခန့်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ပဲလွမ်းဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကာ သတ်မှတ်လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ စားနပ်ရိက္ခာဖူလုံစေဖို့နဲ့ ဒေသခံတောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီးတော့ ပဲလွမ်းသီးနှံစိုက်ပျိုးရေးကို တစ်မြို့နယ်လုံး ၃၂၃၂ ဧက လျာထား စိုက်ပျိုးဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်းသီးနှံပဲလွမ်းစိုက်ပျိုးမှုကိုတော့ နိုဝင်ဘာလ ဒုတိယပတ်လောက်ကစပြီး စိုက်ပျိုးခဲ့ရာ အခုအခါ ပဲလွမ်းဧက ၁၀၀၀ ကျော်လောက် စိုက်ပျိုးပြီးစီးသွားပြီဖြစ်ပါတယ်။ သတ်မှတ်လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဒေသခံတောင်သူတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်တွေ၊ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးထားပါတယ်။ ဒေသခံတောင်သူတွေကလဲ သီးနှံဝင်ငွေတိုးပွားစေဖို့အတွက် ကြိုးပမ်းကာ စိုက်ပျိုး ဆောင်ရွက်နေကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီများ၌ သီးနှံဝင်ငွေတိုးပွားစေရန် ပဲလွမ်း၊ ပဲကြီး၊ ပဲကျား၊ ကုလားပဲ၊ စားတော်ပဲ၊ ပဲနောက်၊ ပဲယင်း၊ ထောပတ်ပဲ၊ ပဲပုပ်စသည့် ပဲမျိုးစုံသီးနှံများကိုအားထား စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌လည်း တစ်မြို့နယ်လုံး ပဲမျိုးစုံသီးနှံ ၃၉၇၁၂ ဧက လျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မော်လိုက်မြို့နယ်တွင် ဆောင်းနေကြာစိုက်ပျိုးမည့် တောင်သူများကို နေကြာမျိုးစေ့များပံ့ပိုး

**မော်လိုက် ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းနေကြာစိုက်ပျိုးမည့်တောင်သူများအား နေကြာမျိုးစေ့ပံ့ပိုးပေးအပ်ပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက မော်လိုက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လိုက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်က အမှာစကားပြောကြားပြီး မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ဆောင်းနေကြာမျိုးစေ့များ ပံ့ပိုးပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စိုက်ပျိုးမှုပုံစံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်၊ မြို့နယ် တာဝန်ရှိသူများက ဆောင်းနေကြာစိုက်ပျိုးမည့်တောင်သူ ၆၆ ဦး၏ ဧက ၂၅၀ အတွက် တစ်ဧကလျှင် သုံးကီလိုပါဝင်သည့် နေကြာမျိုးစေ့ထုပ် တစ်ထုပ်နှုန်းဖြင့် အသီးသီးပေးအပ်သည်။

အခမ်းအနားသို့ မော်လိုက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်နှင့်အဖွဲ့ဝင်များ၊ မော်လိုက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝဏ္ဏထွန်းနှင့်အဖွဲ့ဝင်များ၊ မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၅၈၈၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆောင်းနေကြာ ၂၁၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# သရက်မြို့နယ် ပြရေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သရက် ဒီဇင်ဘာ ၂၁**

သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ပြရေကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များထံ ငွေကျပ် ၅၆ ဒသမ ၇၅ သန်း လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များက ပြရေကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးအတွက် ငွေကျပ် ၂၁ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၄၀ အတွက် ငွေကျပ် ၂၁ ဒသမ ၇၅ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးအတွက် ငွေကျပ် ၁ ဒသမ ၅၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးအတွက် ငွေကျပ် ၁၁ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၂၁ ဦးကို ငွေကျပ် ၅၆ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ပြောပြ၍ သိရသည်။

**ငြိမ်းသူ(လေင်း)**

# မြဝတီမြို့နယ် အပြင်မဲကနယ်ကျေးရွာ၌ ဆပ်ပြာချက်ထုတ်လုပ်မှုသင်တန်းဆင်းပွဲ ကျင်းပ

**မြဝတီ ဒီဇင်ဘာ ၂၁**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေများရရှိစေရန် ရည်ရွယ်၍ အပြင်မဲကနယ်ကျေးရွာတွင် အခြေခံလူသုံးကုန်ဆပ်ပြာချက်ထုတ်လုပ်မှု သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ မြဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် တာဝန်ရှိသူများက သင်တန်းကာလပြီးမြောက်အောင်တက်ရောက်ခဲ့ကြသည့် သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို အပြင်မဲကနယ်ကျေးရွာနှင့် မဲကနယ်တိုးချဲ့ ကွက်သစ်ကျေးရွာတို့မှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကိုယ်တိုက်ဆပ်ပြာခဲအမျိုးမျိုး၊ ကိုယ်တိုက်ဆပ်ပြာရည်အမျိုးမျိုး၊ ဘက်စုံသုံးဆပ်ပြာရည်အမျိုးမျိုးနှင့် လက်သန့်ဆေးပြုလုပ်နည်းများကို ကျွမ်းကျင်နည်းပြများက ဒီဇင်ဘာ ၁၄ ရက်မှ ဒီဇင်ဘာ ၂၀ ရက်ထိ ခုနစ်ရက်ကြာအခမဲ့ သင်ကြားပေးခဲ့ကြောင်း မြဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သူသူ**



# မင်းလှမြို့နယ် ကျောက်ထောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်မှု စစ်ဆေး

**မင်းလှ ဒီဇင်ဘာ ၂၁**

မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်သည့် ကျောက်ထောင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းမောင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျောက်ထောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်ထောင်ကျေးရွာ၌ လမ်းအရှည်ပေ ၇၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလပထမပတ်က ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းမောင်က ပြောပြ၍ သိရသည်။

**ကျော်ခိုင်**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ခင်ရီ

ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)

ဘဏ္ဍာရေး(စား/ဖျော်)

အသက်(၉၀)နှစ်

နေပြည်တော်ကောင်စီနယ်မြေနေ ဗိုလ်ချုပ်ကြီးထွန်းအောင်-ဒေါ်တင်မိုးနွယ်တို့၏မိခင် ဒေါ်ခင်ခင်ရီသည် ၂၁-၁၂-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ

**စာပေ မြင့်မှ လူမျိုး တင့်မည်**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address - accm@accm.gov.mm၊

Website Address - http://www.accm.gov.mm

# ပြင်ဦးလွင်မြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သံဂဟေဆက်သင်တန်းဆင်း

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးတွင် အထောက်အကူပြုနိုင်ရန်၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်ပျိုးထောင်ပေးရန် ရည်ရွယ်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သံဂဟေဆက်သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညိုက အမှာစကားပြောကြားပြီး သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က သင်တန်းသားများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးသည့် သံဂဟေဆက်နည်းပညာရပ်များကို လက်တွေ့နယ်ပယ်တွင် ပြန်လည်အသုံးချစေလိုကြောင်း မှာကြားသည်။

အဆိုပါသင်တန်းသို့ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသားစုစုပေါင်း ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သံဂဟေဆက်နည်းပညာရပ်များကို ကျွမ်းကျင်နည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် ဒီဇင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၂၀ ရက်ထိ ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်နှင့် ဝန်ထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အေးသူ**

**ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ**

# မြန်မာနိုင်ငံတွင် ယခုဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၅၀၀ ကျော်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံတွင် ယခုဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်း ၁၅၀၀ ကျော်ထိရှိနေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA)ညွှန်ကြားရေးမှူး ဦးလေးနိုင်က ပြောပြ၍ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလထိ ရှစ်လတာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၅၈ ခုကို ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၁၅၀၀ ကျော်ထိရှိကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလထိ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်း ၁၅၀၀ ကျော်ထိရှိနေပြီဖြစ်ပါတယ်။ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုကို ကြည့်မယ်ဆိုရင် စွမ်းအင်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်ထားပြီး အမေရိကန်ဒေါ်လာသန်း ၈၁၇ ကျော်ထိရှိပါတယ်။ ဝန်ဆောင်မှုကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၄၁၃ သန်းကျော်၊ ဆောက်လုပ်ရေးနဲ့ အိမ်ခြံမြေကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၈၅ သန်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၁၈၅ သန်းလောက် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ထားပါတယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(DICA)ညွှန်ကြားရေးမှူး ဦးလေးနိုင်က ပြောပြသည်။

ယခုဘဏ္ဍာနှစ်အတွင်း စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ အများဆုံးဖြစ်ပြီး လုပ်ငန်း ၁၄ ခုဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏအမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅၄ ဘီလီယံထိ ရင်းနှီးမြှုပ်နှံထားကြောင်း၊ တရုတ်နိုင်ငံက လုပ်ငန်း ၂၂ ခု ဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်း ၉၀ ကျော်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# မိုင်းဖြတ်မြို့နယ် နမ့်ဟွေလုံကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နမ့်ဟွေလုံကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ နမ့်ဟွေလုံကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်သော ZNH ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့်ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တာချီလိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့သည်။

မိုင်းဖြတ်မြို့နယ် နမ့်ဟွေလုံကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်း၊ Box Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၆ ဒသမ ၉၂ သန်းဖြင့် ZNH ကုမ္ပဏီက စက်တင်ဘာ ၂၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာ နှစ်ရွာရှိ စိုက်ဧက ၆၀ မှထွက်ရှိသည့် ထုတ်ကုန်များကို ဈေးကွက်သို့ လွယ်ကူစွာတင်ပို့နိုင်မည်ဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**ခင်မာ**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ ယနေ့နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဆိုသည့် အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိ...

❖ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံ၍ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသော နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရကလည်း နိုင်ငံသူ၊ နိုင်ငံသားများအားလုံး စားရေရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစွာရရှိရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးတို့ကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ကျင်းပပြုလုပ်သော မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့်တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**စာမျက်နှာ ၂၂ ကော်လံ ၁ ☆**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်း** စာမျက်နှာ - ၂၄

**စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် တစ်ကျပ်သားရွှေဒင်္ဂါးနှင့် ငါးမူးသားရွှေဒင်္ဂါးများကို အသစ်သွန်းလောင်းထုတ်ဝေမည်** စာမျက်နှာ - ၂၇

ဇမ္ဗူလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉ ၂၅၄၇၈၁၁၆၀၊ ၀၉ ၂၆၁၄၀၀၈၄၄

ရွှေမြိုင်သူ ၀၉ ၂၆၁၄၀၀၈၅၅

ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ

ဥသြစ်သူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် —
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ခမီ
- တောင်ငူ - ဖျာပုံ - ဓနုဖြူ
- ဟုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု